# ရှေ့ဆက်ရန် မဖြစ်နိုင်တော့သည့် မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးမှုခရီး

## မြေယာကဏ္ဍဆွေးနွေးမှုမှ ချည်းကပ်လေ့လာခြင်း။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဖြတ်သန်းနိုင်သော
နိုင်ငံရေးမူဘောင်အသစ်တခုကိုမဖြစ်မနေရေးဆွဲရမည်။ ထိုမှသာလျှင် စစ်မှန်ပြီး
တနိုင်ငံလုံးပါဝင်သောနိုင်ငံရေးဆွေးနွေးပွဲကိုဦးတည်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။




ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်

ဇူလိုင် ၂၀၁၈

Karen Peace Support Network

KPSN

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်

# ရှေ့ဆက်ရန် မဖြစ်နိုင်တော့သည့် မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးမှုခရီး

## မြေယာကဏ္ဍဆွေးနွေးမှုမှ ချည်းကပ်လေ့လာခြင်း။

ဇူလိုင် ၂၀၁၈

ရှေ့မျက်နှာဖုံးကာတွန်း

**လိုင်းလုဏ်**

# အတိုကောက် ဝေါဟာရများ

AA - ရခိုင်တပ်မတော်

CSOs - လူထုအခြေပြုလူမှုအဖွဲ့အစည်းများ

FPD - နိုင်ငံရေးဆွေးနွေးမှု မူဘောင်

IDPs - ပြည်တွင်း အိုးအိမ်စွန့်ခွာ နေထိုင်ရသူများ

JICM - တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်
အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး

JMC - အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

KPSN – ကရင်ငြိမ်းချမ်းရေးအထောက်အကူပြု ကွန်ရက်

KNU – ကရင်အမျိုးသား အစည်းအရုံး

KNLA - ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

KIO - ကချင်လွတ်မြောက်ရေးအစည်းအရုံး

KIA - ကချင်လွတ်မြောက်ရေးတပ်မတော်

LDU - လားဟူဒီမိုကရက်တစ်အစည်းအရုံး

MNDAA - မြန်မာနိုင်ငံတိုင်းရင်းသား ဒီမိုကရက်တစ် မဟာမိတ်တပ်ပေါင်းစု

NMSP - မွန်ပြည်သစ်ပါတီ

NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

NCA - တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်

ND - အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ

PPST - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့

RCSS - ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

TNLA - တအာန်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော်

TWC - ကဏ္ဍအလိုက်လုပ်ငန်းကော်မတီ

21CPC - ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံညီလာခံ)

UPDJC - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ

# မာတိကာ

အကြောင်းအရာ စာမျက်နှာ


၁။ အစီရင်ခံစာအကျဉ်းချုပ်........................................................................ 4
၂။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ် အကျဉ်းချုပ်................................ 7
၃။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်ကို ကြီးကြပ်ဆောင်ရွက်ခြင်း။.......... 12
၄။ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင် တံခါးပေါက် ငါးချပ်။............................ 14
၄ - ၁ ။ ပထမ တံခါးပေါက် - ကဏ္ဍငါးခု လုပ်ငန်းကော်မတီများ.......................... 17
၄ - ၂။ ဒုတိယတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ
အထွေထွေအတွင်းရေးမှူးဌာန။....................................................................... 18
၄ - ၃။ တတိယတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ... 18
၄ - ၄။ စတုတ္ထတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ........................ 19
၄ - ၅။ ပဉ္စမ တံခါးပေါက် - ပြည်ထောင်စုလွှတ်တော်...................................... 20
၅။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်အတွင်း မြေယာကဏ္ဍ......................... 20
၆။ မြေ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ.. 24
၆ - ၁။ ပထမတံခါးပေါက် - မြေယာ နှင့် သဘာဝပတ်ဝန်းကျင်လုပ်ငန်းကော်မတီ..... 25
၆ - ၂။ ဒုတိယတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ
ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ (UPDJC –S)........................................ 27
၆ - ၃။ တတိယတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ
ပူးတွဲကော်မတီ (UPDJC)............................................................................ 27
၆ - ၄။ စတုတ္ထတံခါးပေါက် - ဒုတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ..................... 28
၆ - ၅။ ပဉ္စမ တံခါးပေါက် - လွှတ်တော်......................................................... 28
၆ - ၆။ မြေယာကဏ္ဍ၏ အခြေခံမူ ၁၀ ချက် နှင့် မြန်မာနိုင်ငံတည်ဆဲ
ဥပဒေကို နှိုင်းယှဉ်ကြည့်ခြင်း....................................................................... 28
၆ - ၇။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များသုံးသပ်ထား
သော လက်ရှိငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ် အကန့်အသတ်များ။............ 31
၇။ တတိယအကြိမ် ၂၁ ရာစုပင်လုံ ညီလာခံကျင်းပမည့်အချိန် ရွှေ့ဆိုင်းခြင်း........... 35
၈။ ၂၀၁၅ ခုနှစ် NCA ကို ချိုးဖောက်သော မြန်မာတပ်မတော်.............................. 38
၉။ နိဂုံးချုပ်................................................................................................. 40
၁၀။ အကြံပြုချက်များ................................................................................... 41
နောက်ဆက်တွဲ ၁။........................................................................................ 42
နောက်ဆက်တွဲ ၂။........................................................................................ 44
နောက်ဆက်တွဲ ၃။........................................................................................ 49

# ၁။ အစီရင်ခံစာအကျဉ်းချုပ်

၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ[1] (၂၁ ရာစု ပင်လုံ) အပြီးတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်မှတဆင့် "ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအသစ်" တစ်ခု တည်ဆောက်နိုင်မည့်ရလဒ်တစ်ခု ထွက်ရှိလာမည်မဟုတ်ဟူသောအချက်သည် လုံးဝငြင်းမရသည့် အချက်ဖြစ်လာသည်။ ဒုတိယအကြိမ်ပင်လုံညီလာခံ၏ ရည်ရွယ်ချက်မှာ အနာဂါတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံရမည့်အခြေခံမူများကို တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)၊ နိုင်ငံရေးပါတီ၊ အစိုးရ၊ လွှတ်တော်နှင့် ပါဝင်သင့် ပါဝင်ထိုက်သူ ကိုယ်စားလှယ်အစုအဖွဲ့အားလုံးမှ တွေ့ဆုံဆွေးနွေးရရှိနိုင်ရန်အတွက် ဆုံရပ် နေရာတခုဖန်တီးပေးရန် ဖြစ်သည်။

ယခုစာတမ်းသည် မြေယာစီမံခန့်ခွဲမှုအာဏာကို နမူနာဖြစ်စဉ်လေ့လာချက်တခု အဖြစ်အသုံးပြုကာ လက်ရှိငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်အား လေ့လာအကဲ ဖြတ်ထားသည်။ ၂၀၁၇ ဇန်နဝါရီလတွင် ကျင်းပခဲ့သော ကရင်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲမှ စပြီး ၂၀၁၇ မေလတွင် ကျင်းပခဲ့သည့် ၂၁ ရာစုပင်လုံညီလာခံအထိ ဆွေးနွေးခဲ့ သော မြေယာအခန်းကဏ္ဍနှင့်ပတ်သက်သည့် မူလ တောင်းဆိုမှုနှင့်ဆွေးနွေးညှိနှိုင်းမှုများကို ပြန်လည်ခြေရာကောက် ဆွေးနွေးသွားမည်ဖြစ်သည်။ ၂၁ ရာစုပင်လုံညီလာခံအတွင်း "သဘောတူ" ခဲ့သော မြေယာမူဝါဒဆိုင်ရာအခြေခံမူများသည် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ရရှိခဲ့သောအကြံပြုချက်များနှင့်ကွဲလွဲနေသည်။ ကရင်အမျိုးသားအ ဆင့်ဆွေးနွေးပွဲတွင် ဒေသခံပြည်သူများ၏ပိုင်ဆိုင်မှုနှင့် ပြည်နယ်အစိုးရ၏မြေယာ စီမံခန့်ခွဲမှုအခွင့်အာဏာများကို တိတိကျကျ တောင်းဆိုခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေပြုထားသောတပ်မတော်သည် စစ်အုပ်ချုပ်မှုကို ပိုမိုအခြေကုတ်ရယူရန်၊ တိုင်းရင်းသား ဒေသများအတွင်း ၎င်း၏ထိန်းချုပ်မှု ကို ချဲ့ထွင်ရန်အတွက် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်ကို ပြောင်ကျကျ အသုံးချနေ သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်တာဝန်စယူခဲ့သည့်အချိန်မှစ၍ ရွေးကောက်ပွဲကတိကဝတ်များအတိုင်း ဖြည့်ဆည်း ဆောင်ရွက်ခြင်းမရှိသေးပေ။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်နှင့်ဆုံးဖြတ်ချက်များသည် ဗဟိုချုပ်ကိုင်မှု စနစ်ကို ပိုမိုကြီးထွားလာစေမည့် မြန်မာတပ်မတော်၏လွှမ်းမိုးထိန်းချုပ်မှုအောက်တွင်ရှိနေ

1 This was the 3th Union Peace Conference (21CPC) but the 2rd 21CPC. The first 21CPC took place in January 2016 under the Thein Sein government. The National League for Democracy (NLD) renamed it the 21CPC in August 2016 when holding the 2nd 21CPC / 1st 21CPC.

သည်ဟူသောသံသယက အရပ်ဖက်လူမှုအဖွဲ့အစည်းများအကြား ပိုမိုကြီးမားလာသည်။ အစိုးရနှင့် မြန်မာတပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) အား တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီစာချုပ် (NCA) ကို လက်မှတ်ရေးထိုးရန် အဆက်မပြတ် တောင်းဆိုနေသည့်အချိန်နှင့် တချိန်တည်းတွင် တဖက်၌ ကချင်၊ ကရင် နှင့် ရှမ်းပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် မြန်မာတပ်မတော်နှင့် ၎င်း၏လက်ဝေခံလက်နက်ကိုင်တပ်များက စုပေါင်းထိုးစစ်များ ဆင်နွှဲနေဆဲဖြစ်သည်။

မြေယာထိန်းချုပ်၊ စီမံခန့်ခွဲမှုနှင့် ပိုင်ဆိုင်ခွင့်သည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်အတွင်း အဓိကကျသော ကိစ္စတစ်ခုဖြစ်သည်။ မြန်မာတပ်မတော်အလိုကျရေးဆွဲထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လက်ရှိတည်ဆဲဥပဒေများတွင် နိုင်ငံ တော်အား မြေယာနှင့်သဘာဝသယံဇာတများအပေါ် လုံးဝချုပ်ကိုင်ချက်မရှိ အာဏာကုန်ပေးထားသည်။ ပြည်ထောင်စု အစိုးရအတွင်း ဤကဲ့သို့ ဗဟိုချုပ်ကိုင်မှုစနစ်ကို ဆက်လက်ကျင့်သုံးနေခြင်းသည် တိုင်းရင်းသားအဖွဲ့အစည်းများအတွက် လက်ခံနိုင်ဖွယ်စရာမရှိပါ။ ထိုအချက်သည် ပဋိပက္ခ၏မူလအရင်းအမြစ်လည်းဖြစ်သည်။ သို့သော် မြန်မာတပ်မတော်သည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တလျှောက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခြေခံမူ ၆ ချက်ကို အသုံးပြု၍ ဒီမိုကရေစီစံနှုန်းများနှင့် ကွဲလွဲသောအခွင့်အာဏာများကို ရယူနေသည်။ ထို ၆ ချက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို "နိုင်ငံတော်ကထုတ်ပြန်သည့် တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာရန်၊" "၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုက်ပါဆောင်ရွက်ရန်"[2] ဟူ၍ တောင်း ဆိုထားသည်။

မြေယာပိုင်ဆိုင်မှုနှင့် အရင်းအမြစ်အသုံးပြုခွင့်များသည် ငြိမ်းချမ်းရေးအခွင့်အလမ်းများနှင့် ဆက်စပ်သည်။ ထိုအချက်များသည် တိုင်းရင်းသားအဖွဲ့အစည်းများ တာရှည်စွာတော်လှန်တိုက်ပွဲဝင်တောင်းဆိုလာခဲ့သော တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့၏ပင်မအချက်လည်းဖြစ်သည်။[3]

တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) တွင် ၎င်းတို့စီမံအုပ်ချုပ်သော နယ်မြေဒေသများအတွင်းရှိ မြေယာနှင့်သဘာဝ

---

[2] Tatmadaw outlines 6-point policy for peace talk, The Nation, 23 Sept. 2014, accessible http://www.nationmultimedia.com/asean&beyon/Tatmadaw-outlines-6-point-policy-for-peace-talk-30243970.html; Sai Wansai discusses how EAO leaders interpret the Tatmadaw's controversial six "principles for peace" as "more of a stumbling block to cooperation than a road-map to peace." Sai Wansai "Aftermath of 21st Century Panglong: Positive Symbolism Throws the Door of Earnest Negotiations Wide Open", Shan Herald Agency for News (SHAN) 4th Sept 2016; accessible https://www.burmalink.org/aftermath-21st-century-panglong-positive-symbolism-throws-door-earnest-negotiations-wide-open/

[3] All people's right to self-determination is protected International Covenant on Economic, Social and Cultural Rights. ICESCR is one of the core International Human Rights Treaties. The Myanmar government ratified the ICESCR on 6th Oct 2017.

အရင်းအမြစ်များကို စီမံခန့်ခွဲရန်အတွက် စနစ်တကျဖွဲ့စည်းချမှတ်ထားသော မြေယာနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်နှင့်ယန္တရားများရှိသည်။ နမူနာအဖြစ်ပြရမည်ဆိုပါက ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ၎င်းစီမံအုပ်ချုပ်သောဒေသအတွင်း မြေယာနှင့် သစ်တောများကို စီမံခန့်ခွဲအုပ်ချုပ်ရန်အတွက် မြေယာနှင့်သစ်တောမူဝါဒများကို တရားဝင် ရေးဆွဲပြဋ္ဌာန်းထားသည်။ အဆိုပါ မြေယာနှင့်သစ်တောမူဝါဒများအား မိရိုးဖလာ မြေယာနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြုသောဖက်ဒရယ်အခြေခံမူအပေါ် အခြေခံရေးဆွဲထားခြင်းဖြစ်သည်။[4] ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင်လူထု အခြေပြုလူမှုအဖွဲ့အစည်း (CSOs) ကိုယ်စားလှယ်များသည် အဆိုပါမူဝါဒများကို ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုစားပွဲပေါ်သို့ တင်ပြခြင်းဖြင့် အနာဂါတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုမူဘောင်အတွင်း ထိုအခြေခံအခွင့်အရေးများကို အသိအမှတ်ပြုထည့်သွင်း ပေါင်းစပ်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ကြသည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ကန့်သတ်မူဘောင်အောက်တွင်ရှိနေပြီး ထိုကန့်သတ်မူဘောင်ကိုကျော်လွန် တောင်းဆိုသော အဆိုပြုချက်အားလုံးကို မြန်မာတပ်မတော်က ပိတ်ပင်ပယ်ချနေသည်ကို ကျွန်ုပ်တို့တွေ့ရှိရပြီး တချိန်တည်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖက်မှ တစုံတရာဝင် ရောက်ပြောဆိုခြင်းမရှိဘဲ ရေငုံနှုတ်ပိတ် နေသလို ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုတ ခုတည်ဆောက်သွားမည်ဟူသော ၎င်း၏ရွေးကောက်ပွဲကြေငြာစာတမ်းအတိုင်း ဆောင်ရွက် ခြင်းမရှိကြောင်းကို ကျွန်ုပ်တို့၏လေ့လာတွေ့ရှိချက်များက ညွှန်ပြနေသည်။ ထို့ကြောင့် ဤငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လမ်းဆုံးရောက်နေပြီဖြစ်သည်။

ချို့ယွင်းအားနည်းချက်များစွာရှိနေသော ဤငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ် အတွက် ဘက်စုံစစ်မှန်သော ပြန်လည်ပြင်ဆင်သုံးသပ်မှုတစ်ခုမဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည်ဟု KPSN က အကြံပြုလိုသည်။ မြန်မာတပ်မတော်စိတ်ကြိုက်ရေးဆွဲထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အစားထိုးနိုင်သော မူဘောင်အသစ်တစ်ခုရှိရန်လည်း အကြံပြုသည်။ ထိုမှသာ စစ်မှန်သော အားလုံးပါဝင်သော လက်ခံနိုင်သော တနိုင်ငံလုံးအတိုင်း အတာ နိုင်ငံရေးဆွေးနွေးပွဲတစ်ခု ကျင်းပနိုင်မည် ဖြစ်သည်။

[4] Karen Environmental Social Action Network (2017) Kawthoolei Land Policy Briefer: Land to the Native People

# ၂။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ် အကျဉ်းချုပ်

## စစ်ပွဲနှင့် မငြိမ်းချမ်းသေးသော ငြိမ်းချမ်းရေး။

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ဦးသိန်းစိန်အစိုးရသည် နိုင်ငံတဝှမ်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို အစိုးရနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။ မြန်မာ့တပ်မတော်သည် ကချင်လွတ်မြောက်ရေးအစည်း အရုံး (KIO) နှင့် ၎င်း၏ လက်နက်ကိုင်တောင်ပံဖြစ်သော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အပေါ် ထိုးစစ်များဆင်ခဲ့ပြီး လပိုင်းအတွင်း အရပ်သားတပိုင်းအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစကားပြောဆိုရန် ကမ်းလှမ်းခဲ့သည်။[5] ဇွန်လ ၉ ရက်နေ့တွင် စတင်ခဲ့သော မြန်မာတပ်မတော်၏ တပ်ရင်းပေါင်းများစွာပါဝင်သော စုပေါင်းထိုးစစ်ကြောင့် KIO နှင့် လက်မှတ်ရေးထိုးခဲ့သော ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် အပြီးသတ်ချုပ်ငြိမ်းသွားခဲ့သည်။[6] ၂၀၁၂ ခုနှစ် မတ်လအထိ အမျိုးသား၊ အမျိုးသမီး နှင့် ကလေးသူငယ်များပါဝင်သော ပြည်သူ စုစုပေါင်း ၇၅၀၀၀ သည် တရုတ်နယ်စပ်တလျှောက် ဒုက္ခသည်စခန်း ၃၀ ခုတွင် ဒုက္ခသည်အဖြစ် ခိုလှုံနေကြသည်။[7] ၂၀၁၁ ခုနှစ် စက်တင်ဘာလ မှ ၂၀၁၂ ခုနှစ် ဩဂုတ်အတွင်း တပ်မတော်ဖက်မှ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ဖက်ပိုင်းဒေသများအတွင်း စစ်ရေးအရ အပြင်းအထန်ထိုးစစ်ဆင်နွှဲနေသည့်အချိန်နှင့် တချိန်တည်းတွင် မြန်မာအစိုးရသည် တဖက်၌ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့နှင့် အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့် အသစ်ပြန်လည်လက်မှတ်ရေးထိုးခြင်းများပြုလုပ်နိုင်ခဲ့သည်။ ၎င်းတို့အနက် အထူးသဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) စသောလက်နက်ကိုင်အဖွဲ့အစည်းကြီးများနှင့်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။[8]

---

5 "Union Government offers olive branch to national race armed groups", New Light of Myanmar, 19 August 2011. In the following days, Thein Sein reiterated the "olive branch" call in a public address: "President U Thein Sein addresses first Pyidaungsu Hluttaw second regular session", New Light Myanmar, 23 August 2011; See Transnational Institute's Sept. 2017 Myanmar Policy Briefing Report Beyond Panglong.

6 The KIO's ceasefire with the Burmese government was the first written ceasefire, whereas all other ceasefire's preceding this with based upon verbal agreements.

7 Human Rights Watch (2012) Untold Miseries: Wartime Abuses and Forced Displacement in Burma's Kachin State

8 Burma News International (2013) Deciphering Myanmar's Peace Process, p. 43

၁၉၉၄ ခုနှစ်၊ တပ်မတော် နှင့် ကချင်လွတ်မြောက်ရေးအစည်းအရုံး (KIO) အကြား အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကြောင့် “ပဋိပက္ခအလွန်” ကာလအတွင်း၌ ကချင်ပြည်နယ်ဒေသအတွင်းနှင့် ကချင်ပြည်သဘာဝအရင်းအမြစ်များအပေါ် စစ်အစိုးရက ထိန်းချုပ်ချဲ့ထွင်ခွင့်ရရှိနိုင်ခဲ့သည်။[9] အပစ်အခတ်ရပ်စဲရေးကာလအတွင်း မြန်မာတပ်မတော်သည် စစ်ပိုင်းဆိုင်ရာအဆင့်မြင့်တင်ချဲ့ကားမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ အထူးသဖြင့် စီးပွားရေးအတွက်အကျိုးအမြတ်များစွာရှိသည့် ဒေသများစွာကို ထိန်းချုပ်နိုင်ခဲ့သည်။[10] ထို့ကြောင့် သဘာဝအရင်းအမြစ်များကို မကြံ့စဖူး အလွန်မြန်မြန်ဆန်ဆန်အမြောက်အများ ထုတ်ယူနိုင်ခဲ့ကြသည်။ အထူးသဖြင့် အမြတ်အစွန်းကြီးမားသော သစ်မာ၊ ကျောက်စိမ်းနှင့် ရွှေတူးဖေါ်ခြင်းများ ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည် နယ်မြောက်ဖက် ပိုင်းအတွင်းရှိ ပြည်သူလူထုအများစုသည် မြန်မာတပ်မတော်က ပြောသောဒေသဖွံ့ဖြိုးရေး သို့မဟုတ် အပစ်အခတ်ရပ်စဲရေးကြောင့် ဖြစ်လာသော စီးပွားရေးအကျိုးအမြတ်ကို မြင်တွေ့ခံစားခွင့် မရခဲ့ပေ။ ၎င်းတို့ဆိုသော ဒေသဖွံ့ဖြိုးရေးဆိုသည်မှာ သယံဇာတအရင်းအမြစ်ထုတ်ယူရေးအတွက် တည်ဆောက်မှု အများစုသာဖြစ်သည်။ လက်တွေ့တွင် မြေနှင့် သဘာဝအရင်းအမြစ်ထုတ်ယူဖေါ်ဆောင်သည့်လုပ်ငန်းအများစုသည် ဒေသခံလူမှုအသိုင်းအဝန်းပြည်သူများမှီခိုသောမြေယာနှင့် သဘာဝအရင်းအမြစ်များကို ဒေသခံများဆီမှ လုယူလိုက်ခြင်းကြောင့် ဒေသခံပြည်သူများမှာ ပို၍ ဆင်းရဲသည်ထက် ဆင်းရဲခဲ့ကြရသည်။

ကချင်ပြည်နယ်ကဲ့သို့ပင် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးစတင်သည့်အချိန်မှစ၍ ကရင်ပြည်နယ်၏ ဒေသများစွာအတွင်းသို့ အကြီးစားသယံဇာတတူးဖော်ခြင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်ယူခြင်းစီမံကိန်းများ၊ စိုက်ပျိုးရေးအခြေခံလုပ်ငန်းများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုစီမံကိန်းများ၊ စသည့်လုပ်ငန်းစီမံကိန်းများစွာ တစစပိုမိုဝင်ရောက်လာသည်။ မြန်မာနိုင်ငံ၏ တခြားဒေသများကဲ့သို့ပင် ဗဟိုစစ်အာဏာပိုင်များ၏ ဒေသခံသဘာဝအရင်းအမြစ် မတရားထုတ်ယူခြင်းနှင့်ပြည်သူ့မြေယာအခွင့်အရေးအားလေးစားလိုက်နာမှုမရှိခြင်းများက ကရင်ပြည်နယ်အတွင်းဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခ၏ အဓိကအကြောင်းရင်းနစ်ခုဖြစ်သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ အပစ်အခတ်ရပ်စဲရေးနှင့် ၂၀၁၅ ခုနှစ်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုပြီး နောက်ပိုင်းကာလများတွင် ယခင်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ခဲ့သော လက်နက်ကိုင်တိုက်ပွဲများ ခေတ္တရပ်စဲခဲ့ခြင်းကြောင့် ကရင်ပြည်သူများမှာ ၎င်းတို့၏ဘဝကို ပြန်လည်ထူထောင်ရန်အခွင့်အလမ်းတချို့ရရှိခဲ့သလို တချိန်တည်းတွင် အပစ်အခတ်ရပ်စဲရေးကာလကြောင့် လူထုများစွာဆန့်ကျင်သော အငြင်းပွားဖွယ်လုပ်ငန်းစီ

[9] Kevin Woods (2011) “Ceasefire capitalism: military–private partnerships, resource concessions and military–state building in the Burma–China borderlands”, The Journal of Peasant Studies, 38:4, 747-770

[10] Kachin Development Networking Group (KDNG) Lessons from the Kachin “development” experience

မံချက်များ ရှေ့ဆက်ခွင့်ရရှိလာခဲ့ ခြင်းများမှတဆင့် တင်းမာမှုအသစ်နှင့်တကျော့ပြန်တင်းမာမှုများ၊ လက်နက်ကိုင်ပဋိပက္ခသံသရာ၊ မြေသိမ်းမှုနှင့် အရပ်သားပြည်သူနေရပ်စွန့်ခွာပြောင်းရွှေ့ရမှုများကို ဖြစ်စေသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သူများအဖြစ်အသိအမှတ်ပြုခံရသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၂၁ ဖွဲ့အနက် ၈ ဖွဲ့သည် NCA သဘောတူစာချုပ်အဖွဲ့ဝင်များဖြစ်လာကြသည်။ လက်မှတ်မထိုးသော ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် ကိုးကန့်အခြေစိုက် မြန်မာနိုင်ငံတိုင်းရင်းသား ဒီမိုကရေစီ မဟာမိတ်တပ်ပေါင်းစု (MNDAA)၊ တအာန်း (ပလောင်) အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရခိုင်တပ်မတော် (AA) တို့သည် NCA လက်မှတ်ရေးထိုးရန်တားမြစ်ခံရခြင်း သို့မဟုတ် မြန်မာတပ်မတော်နှင့် အရပ်သားတပိုင်းအစိုးရကို မယုံကြည်သောကြောင့် ၎င်းတို့ကိုယ်တိုင် လက်မှတ်ရေးထိုးရန်ငြင်းဆန်သောအဖွဲ့များအဖြစ် ကျန်ခဲ့သည်။[11] ၂၀၁၈ ခုနှစ် အစောပိုင်း အထိ မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့သည် NCA စာချုပ်ဝင်များဖြစ်လာကြသော်လည်း မြန်မာနိုင်ငံ၏တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာ၏ ၁၀ ရာခိုင်နှုန်းသည် NCA စာချုပ်ဝင်များ မဖြစ်ကြသေးပေ။

[11] Slodkowski, Antoni, "Myanmar signs ceasefire with eight armed groups", Reuters, 8 Oct 2015, https://www.reuters.com/article/us-myanmar-politics/myanmar-signs-ceasefire-with-eight-armed-groups-idUSKCN0S82MR20151015 ; Maung Zarni and Saw Kapi, "Opinion: Divisive ceasefire won't bring peace", DVB, 8 Sept 2015, http://w.dvb.no/news/opinion-divisive-ceasefire-wont-bring-peace/57093




အထက်ပါဇယားသည် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာခြင်းအဖွဲ့ ဇယားကို ပြန်လည်ပြင်ဆင်ထားသည်။

သမ္မတဟောင်း ဦးသိန်းစိန်က NCA ကို "သမိုင်းဝင်လက်ဆောင်" တစ်ခုအဖြစ် ထုတ်ဖော်ပြောဆိုခဲ့ပြီး "မြန်မာနိုင်ငံ အနာဂါတ်ငြိမ်းချမ်းရေးလမ်းစသည် ယခုအချိန်တွင် လမ်းပွင့်ခဲ့ပြီ" ဟု NCA လက်မှတ်ရေးထိုးရေးအခမ်းအနားတွင် ဂုဏ်ယူပြောဆိုခဲ့သည်။[12] လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ခေါင်းဆောင်များက NCA သည် မြန်မာနိုင်ငံအတွက် စစ်မှန်သော ထာဝရတည်မြဲမည့်ငြိမ်းချမ်းရေးကို ယူဆောင်ပေးနိုင်သောလမ်းစတခုအဖြစ် မျှော်လင့်ချက်ထားကြသည်။ "NCA ကို လက်မှတ်ရေးထိုးခဲ့ကြတဲ့ ကျနော်တို့တွေဟာ အစိုးရနှင့် ကျန်ရှိနေသေးတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပိုထိရောက်ပြီး အဓိပ္ပါယ်ပြည့်ဝတဲ့ ဆွေးနွေးမှုတွေ ပေါ်ပေါက်လာရေးအတွက် ပံ့ပိုးတဲ့အခန်းကဏ္ဍကနေ ပါဝင်လာနိုင်ကြမှာ ဖြစ်ပါတယ်" ဟု KNU ဥက္ကဋ္ဌ မူတူဆေးဖိုးက ထုတ်ဖော်ပြောဆိုခဲ့သည်။[13]

နေပြည်တော်တွင် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စည်းကားသိုက်မြိုက်စွာ ကျင်းပနေသည့် အချိန်နှင့် တချိန်တည်းတွင် ကချင်ပြည် နယ်နှင့် ရှမ်းပြည်နယ်မြောက်ဖက်ပိုင်းတွင် မြန်မာတပ်မတော်ဖက်မှ KIA၊ TNLA နှင့် MNDAA တို့အပေါ် ပိုမိုထိုးစစ်ဆင်ခဲ့ခြင်းကြောင့်လက်နက်ကိုင်တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။

အစိုးရ နှင့် မြန်မာတပ်မတော် ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တွင် KNU ပါဝင်နေမှုကို အသုံးချ၍ တခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား NCA ကိုလက်မှတ်ရေးထိုးရန် ဆွဲဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးကို "ကရင်ပုံစံ"[14] ဖြင့် ချည်းကပ်ရန် ပြောဆိုခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ကြသော ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အထူးသဖြင့် KNU ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။

သို့သော် ၂၀၁၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးကာလမှစ၍ ကရင်ပြည်နယ်အတွင်း တပ်မတော်၏စစ်ဆင်ရေးများကြောင့် အရပ်သားပြည်သူပေါင်း ၈၅၀၀ ကျော် ၎င်းတို့နေရပ်အိုးအိမ်မှ အတင်းအဓမ္မစွန့်ခွာခဲ့ရသည်။[15] မြန်မာ့တပ်မတော်၏ ထိပ်ပိုင်းအာဏာပိုင်များ၏ အမိန့်နှင့်ဆောင်ရွက်သော ၎င်းစစ်ဆင်ရေးများက NCA ကို ချိုးဖောက်သည့်အပြင်

---

[12] Slodkowski, Antoni, "Myanmar signs ceasefire with eight armed groups", Reuters, 8 Oct 2015

[13] Jack Myint, "The Truth About Myanmar's New Ceasefire Agreement", The Diplomat, 30 Oct 2015, https://thediplomat.com/2015/10/the-truth-about-myanmars-new-ceasefire-agreement/

[14] Pyae Thet Phyo, "Karen people urged to keep up the good work", Myanmar Times, 19th December 2017; accessible https://www.mmtimes.com/news/karen-people-urged-keep-good-work.html

[15] KPSN (2018) The Nightmare Returns; accessible https://karenwomen.files.wordpress.com/2018/04/kpsn-media-release-the-nightmare-returns.pdf; See also Karen Human Rights Group (KHRG) (2018) Attacks on villagers, ongoing fighting and displacement in Hpapun and Toungoo districts from January to April 2018; accessible http://khrg.org/2018/05/18-1-nb1/attacks-villagers-ongoing-fighting-and-displacement-hpapun-and-toungoo-districts

ဖားအံနှင့်မူကြော် (ဖာပွန်) ခရိုင်များအတွင်း တကျော့ပြန်လက်နက်ကိုင်ပဋိပက္ခများကို ပြန်လည်ဖြစ်ပွားစေခဲ့သည်။

NLD ပါတီဦးဆောင်သောအစိုးရအာဏာရလာသည့်အချိန်မှစ၍ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖက်စလုံး အပေါ် တပ်မတော်ဖက်မှ အဆက်မပြတ်ထိုးစစ်ဆင်ခြင်းများနှင့်ပတ်သက်၍သော်လည်း ကောင်း၊ တိုင်းရင်းသားဒေသများအတွင်း အရပ်သားပြည်သူများအပေါ် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍သော် လည်းကောင်း၊ မြန်မာတပ်မတော်အား NLD အစိုးရကရှုံ့ချခြင်း၊ တားမြစ်ခြင်း တစ်စုံတစ်ရာ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။

# ၃။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်ကို ကြီးကြပ်ဆောင်ရွက်ခြင်း။

## ၃.၁ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး (JICM)

JICM သည် NCA အကောင်အထည်ဖေါ်မှုကို ကြီးကြပ်ရန်နှင့်လမ်းညွှန်ရန်အတွက် လုပ်ပိုင်ခွင့်ရှိသော အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။ ပထမဦးဆုံး JICM အစည်းအဝေးကို NCA လက်မှတ်ရေးထိုးခြင်း အခမ်းအနားအပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ - ၁၇ ရက်များတွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တို့ကို ဖွဲ့စည်းပေးခဲ့သည်။ UPDJC နှင့် JMC တို့သည် JICM ကို အစီရင်ခံရမည်။ ငြိမ်းချမ်းရေး ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ဖြစ်ပေါ်လာသော ရှေ့မတိုးသာနောက်မဆုတ်သာ အခြေအနေများကို UPDJC နှင့် JMC တို့ က ဖြေရှင်း ဆောင်ရွက်နိုင်ခြင်းမရှိသောအခါ JICM က ဝင်ရောက်ဖြေရှင်းရန် တာဝန်ရှိသည်။

## ၃.၂ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော JMC သည် NCA သဘောတူစာချုပ်ပါ စစ်ရေးဆိုင်ရာအခန်းများ အကောင်အထည်ဖော်ခြင်းအတွက် တာဝန်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပေးခြင်းနှင့် လက်နက်ကိုင်တိုက်ပွဲများ တကျော့ပြန် ပေါ်ပေါက်ခြင်းမှ ကာကွယ်ဟန့်တားရန်အတွက်လည်း တာဝန်ရှိသည်။ JMC အတွက် လုပ်ငန်းလမ်းညွှန် (ToR) အရ ကော်မတီသည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် နှင့် ဒေသန္တရအဆင့်များအထိ ဆောင်ရွက်နိုင်သောလုပ်ပိုင်ခွင့်ရှိသည်။[16] ကော်မတီကို ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်က လောလောဆယ် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေပြီး တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများအနက် တဖွဲ့ဖွဲ့၏ ဗိုလ်ချုပ်ကြီးတစ်ဦးက ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည်။

## ၃.၃ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC)

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် UPDJC ကိုတည်ထောင်ခဲ့သည်။ ၎င်းသည် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်မူဘောင်အတွင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ပိုင်ခွင့်ရှိသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် JICM သည် UPDJC ကမူကြမ်း ရေးဆွဲတင်ပြသော နိုင်ငံရေးဆွေးနွေးမှု မူဘောင် (FPD) ကို အတည်ပြုခဲ့သည်။ နိုင်ငံရေး ဆွေးနွေးမှု မူဘောင်အရ UPDJC သည် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်း၊ ဆွေးနွေးမှု လုပ်ငန်းစဉ်အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပရန် တို့အတွက်တာဝန်ရှိသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို NLD အစိုးရက ၂၁ ရာစုပင်လုံညီလာခံဟု အမည်ပြောင်း ခေါ်ဝေါ်ခဲ့သည်။[17]

UPDJC တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီမှကိုယ်စားလှယ်များ ပါဝင်သည်။ ကော်မတီကို နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌ အဖြစ် ကြီးကြပ်ပြီး ဒုဥက္ကဋ္ဌ (၃) ဦးရှိသည်။

---

[16] Joint Monitoring Committee makes 15 decisions on second day meeting, New Light of Myanmar, 10 May 2018, accessible: http://www.globalnewlightofmyanmar.com/joint-monitoring-committee-makes-15-decisions-second-day-meeting/

[17] Burma News International (BNI) (2016) Deciphering Myanmar's Peace Process: A Reference Guide 2016, p. 45; See also, Sai Wansai, "Panglong Agreement still casts a long shadow on national reconciliation deliberation", Shan Herald Agency for News, 4 July 2016, accessible at: http://english.panglong.org/2016/07/04/panglong-agreement-still-casts-a-long-shadow-on-national-reconciliation-deliberation/

ဒုဥက္ကဋ္ဌ (၁) သည် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဝန်ကြီးဖြစ်ပြီး၊ ဒုဥက္ကဋ္ဌ (၂) သည် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဖြစ်ကာ၊ နောက်ထပ် ဒုဥက္ကဋ္ဌ (၃) နေရာကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စားပြုသူက တာဝန်ယူသည်။[18]

UPDJC တွင် အတွင်းရေးမှူးအဖွဲ့ရှိသည်။ အတွင်းရေးမှူးအဖွဲ့ဝင်များကို အုပ်စုသုံးစုခွဲထားသည်။ ပထမအုပ်စုတွင် တပ်မတော်၊ အစိုးရ နှင့် လွှတ်တော် အစုအဖွဲ့ဝင်များ ပါရှိသည်။ ဒုတိယအုပ်စုတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ကိုယ်စားပြုသူများ ပါဝင်ပြီး တတိယအုပ်စုသည် နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည်။[19]

UPDJC အတွင်းရေးမှူးအဖွဲ့သည် ကဏ္ဍအလိုက်လုပ်ငန်းကော်မတီများ (TWC) က တင်သွင်းသောမူဝါဒစာတမ်းများကို ပြန်လည်သုံးသပ်ပြီးနောက် UPDJC ၏ အတည်ပြုချက်ရယူရန်အတွက် ဘုံမူဝါဒစာတမ်းမူကြမ်းအဖြစ် ပြင်ဆင်ရေးသားရန် တာဝန်ရှိသည်။ ထို့နောက် ၎င်းဘုံစာတမ်းမူကြမ်းကို ၂၁ ရာစုပင်လုံညီလာခံသို့ တင်ပြပြီး ပြည်ထောင်စုသဘောတူစာချုပ်အတွက် အခြေခံအဖြစ် ထည့်သွင်းမည်ဖြစ်သည်။ UPDJC ၏ နောက်ဆုံးတာဝန်မှာ ၂၁ ရာစုပင်လုံမှ ရရှိလာမည့် ပြည်ထောင်စုသဘောတူစာချုပ်ကို အစိုးရသို့တင်ပြပြီး ထိုမှဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုရယူရန် ဖြစ်သည်။

# ၄။ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင် တံခါးပေါက် ငါးချပ်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က NCA ကို အတည်ပြုပေးခဲ့သည်။ NCA ၏ အခန်း ၅ ၌ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လိုက်နာရမည့် နိုင်ငံရေးလမ်းပြမြေပုံ၊ NCA လက်မှတ်ရေးထိုးခြင်းအစီအစဉ်၊ နိုင်ငံရေးဆွေးနွေးမှု မူဘောင်မူကြမ်းရေးဆွဲခြင်းနှင့်ပြဌာန်းခြင်း၊ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို အခြေခံသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းနှင့် ၂၁ ရာစုပင်လုံကျင်းပခြင်းဆိုင်ရာ လမ်းညွှန်ချက်များပါဝင်သည်။

---

[18] BNI (2016) DECIPHERING MYANMAR’S PEACE PROCESS, P. 43
[19] BNI (2016) DECIPHERING MYANMAR’S PEACE PROCESS, P. 46

UPDJC က ရေးဆွဲခဲ့သော နိုင်ငံရေးဆွေးနွေးမှုမူဘောင်တွင် အခန်း ၉ ခန်းနှင့် အခန်းငယ် ၁၇ ခုပါရှိသည်။[20] မူဘောင်သည် NCA ပါ နိုင်ငံရေးလမ်းပြမြေပုံကို အသေးစိတ် ထပ်မံပြဌာန်းပေးသည်။ နိုင်ငံရေးဆွေးနွေးမှု မူဘောင်၏ ရည်ရွယ်ချက်မှာ

*....ဤ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများအား အာမခံချက်အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ရန်ရည်ရွယ်၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။[21]*

နိုင်ငံရေးဆွေးနွေးမှု မူဘောင်၏ အခန်း ၃ - ၄ တွင် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်ကို ဖေါ်ပြထားပြီး အခန်း ၅ သည် "နိုင်ငံရေးဆွေးနွေးမှုအတွက် ဆွေးနွေးမည့် အကြောင်းအရာများ" ကို ဖေါ်ပြထားသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဟူ၍ ကဏ္ဍငါးခုအဖြစ် ခွဲခြားဖေါ်ပြထားသည်။ အခန်း ၆ - ၇ - ၈ တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်အတွက် လုပ်ငန်းယန္တရားများနှင့် အနာဂါတ်ပြည်ထောင်စုသဘောတူစာချုပ်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများကို ဖေါ်ပြထားသည်။

နိုင်ငံရေးဆွေးနွေးမှု မူဘောင်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ တခြားပါဝင်သင့် ပါဝင်ထိုက်သူများကို အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင်ပါဝင်ရန် ဖိတ်ခေါ်ထားသည်။ အဆိုပါ ဆွေးနွေးမှု သို့မဟုတ် အကြံပြုဆွေးနွေးပွဲများအတွင်း ပါဝင်ဆွေးနွေးကြသူများသည် ကဏ္ဍတစ်ခုချင်းစီအလိုက် အခြေခံမူများရရှိရေးအတွက် ဆွေးနွေးသဘောတူညီချက် ရယူကြသည်။ ထိုအခြေခံမူများသည် ပြည်ထောင်စုသဘောတူစာချုပ်၏ တစိတ်တဒေသဖြစ်လာနိုင်ရေး ရည်ရွယ်ချက်ဖြင့်ဆွေးနွေးခဲ့ကြသည်။ သို့သော် နိုင်ငံရေးဆွေးနွေးမှုမူဘောင်နှင့်အညီဆွေးနွေးမှုများမှ ရရှိလာသောအခြေခံမူများသည် ပြည်ထောင်စုသဘောတူညီချက် အဖြစ်မထည့်သွင်းခင် ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းပေါင်းများစွာကို ကျော်ဖြတ်ရသည်။ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်း စဉ်တွင် အောက်ဖေါ်ပြပါ လုပ်ငန်းစဉ်အဆင့်ငါးဆင့် ပါဝင်သည်။ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (TWCs)၊

[20] BNI (2016) DECIPHERING MYANMAR'S PEACE PROCESS, P. 42
[21] Framework for Political Dialogue (2015) Preamble (Unofficial English translation)

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ (UPDJC –S)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ ၂၁ ရာစုပင်လုံ ညီလာခံ နှင့် နောက်ဆုံး ပြည်ထောင်စုလွှတ်တော်တွင် ပြဌာန်းအတည်ပြုခြင်းအဆင့်တို့ဖြစ်သည်။

ယခုအစီရင်ခံစာတွင် KPSN သည် ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော ထိုအဆင့်များကို "တံခါးပေါက်ငါးချပ်" ဟုရည်ညွှန်းခေါ်ဆိုသည်။ နိုင်ငံရေးဆွေးနွေးမှုမူဘောင်အရ အထက်အောက်သို့စီဆင်းသော၊ အကန့်အသတ်ဖြစ်နေသော လုပ်ငန်းယန္တရားများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်အပေါ် ၎င်းတို့၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများကို အများပြည်သူက သတိပြုမိစေရန်ဖြစ်သည်။

## နိုင်ငံရေးဆွေးနွေးမှု၏ တံခါးပေါက် ငါးချပ်

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသော အခြေခံမူဝါဒများသည် ပြည်ထောင်စုသဘောတူစာချုပ် အတည်မပြုခင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်အရ ဖွဲ့စည်းထားသော "တံခါးပေါက်ငါးချပ်" ကို မဖြစ်မနေ ဖြတ်ရမည်။

**ကရင်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ** → **ပထမ တံခါးပေါက် ကဏ္ဍအလိုက် လုပ်ငန်း ကော်မတီ (TWC)** → **ဒုတိယ တံခါးပေါက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲ ကော်မတီအ တွင်းရေးမှူး အဖွဲ့ (UPDJC-S)** → **တတိယ တံခါးပေါက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူး တွဲကော်မတီ (UPDJC)** → **စတုတ္ထ တံခါးပေါက် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (၂၁ရာစုပင်လုံ)** → **ပဥ္စမ တံခါးပေါက် ပြည်ထောင်စု လွှတ်တော်**

ကရင်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ: CSOs လူမှုအသိုင်းအဝန်းများ၊ နိုင်ငံရေးပါတီများနှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အနာဂါတ် ပြည်ထောင်စုသဘောတူစာချုပ်တွင်ထည့်သွင်းမှု မူဝါဒအဆိုပြုလွှာများရေးဆွဲကြသည်။

ပထမ တံခါးပေါက်: TWC သည် မူဝါဒအဆိုပြုမှုများကို ဖြတ်တောက်ပြင်ဆင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ မူဝါဒစာတမ်းများအဖြစ် မူကြမ်းရေးဆွဲပြီး၊ UPDJC အတွင်းရေးမှူးအဖွဲ့သို့ တင်ပြသည်။

ဒုတိယ တံခါးပေါက်: UPDJC-S သည် TWC များ၏ မူဝါဒစာတမ်းတင်သွင်းရန် အားထုတ်ချက်များကိုတာဝန်ခံဆောင်ရွက်၍ UPDJC သို့ ထိုမူဝါဒစာတမ်းများ တင်ပြသည်။

တတိယ တံခါးပေါက်: UPDJC သည် ၂၁ ရာစုပင်လုံသို့ တင်ပြပြီး ပြည်ထောင်စု သဘောတူစာချုပ်၏ အခြေခံဖြစ်လာမည့် ဘုံမူဝါဒမူကြမ်းဖြစ်လာရေးအတွက် ဆွေးနွေး၊ ပြင်ဆင်ဖြတ်တောက်၊ အတည်ပြုသည်။

စတုတ္ထ တံခါးပေါက်: ပြည်ထောင်စု သဘောတူစာချုပ်ကို လွှတ်တော်သို့ မတင်ပြခင် ၂၁ ရာစုပင်လုံ ညီလာခံတွင် မူဝါဒမူကြမ်းကို ဆွေးနွေးညှိနှိုင်းအတည်ပြုသည်။

ပဥ္စမ တံခါးပေါက်: လွှတ်တော် ဥပဒေနှင့်အညီ ပြည်ထောင်စု သဘောတူ စာချုပ်ကို အတည်ပြုရမည်ဖြစ်သည်။

## အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများသည် တွေ့ဆုံဆွေးနွေးပွဲ လုပ်ငန်းစဉ်သို့ အကြံပြုဆွေးနွေးချက်များ စတင်တင်ပြခွင့်ရသည့်နေရာဖြစ်သည်။ အထူးသဖြင့် လူထု အသိုင်းအဝန်းနှင့် လူထုအခြေပြုအဖွဲ့အစည်းများအတွက်ဖြစ်သည်။ အမျိုးသားအဆင့် ဆွေးနွေးပွဲများဟု အမည်သတ်မှတ်သော်လည်း ပြည်နယ်အဆင့်တွင် ပြုလုပ်သော ဆွေးနွေးပွဲများဖြစ်သည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် အစိုးရ၊ တပ်မတော်၊ အနိုင်ရနိုင်ငံရေး ပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ (CSOs) နှင့် တခြား ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည်။ ဆွေးနွေးပွဲများကို အမျိုးအစားသုံးခု ခွဲထားသည်။

၁။ လူမျိုးအခြေခံ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဦးဆောင်ပြီး တခြား ပါဝင်သူများဖြင့် ကျင်းပသော ဆွေးနွေးပွဲ။

၂။ ဒေသအခြေခံ - ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရက ဦးဆောင်ပြီးတခြား ပါဝင်သူများဖြင့် ကျင်းပသော ဆွေးနွေးပွဲ။

၃။ အကြောင်းအရာအခြေခံ - CSO များခေါင်းဆောင်ပြီး တခြားပါဝင်သူများဖြင့် ကျင်းပသော ဆွေးနွေးပွဲ။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ ရည်မှန်းချက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေနှင့် သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေးကဏ္ဍငါးခုကို လွှမ်းခြုံသော မူဝါဒများ ချမှတ်နိုင်ရန်ဖြစ်သည်။ ဆွေးနွေးပွဲများအတွင်း ရရှိလာသောမူဝါဒများကို UPDJC အတွင်းရေးမှူးအဖွဲ့အောက်ရှိ "ကဏ္ဍငါးခု လုပ်ငန်းကော်မတီများ" ထံသို့ တင်ပြသည်။

## ၄ - ၁။ ပထမ တံခါးပေါက် - ကဏ္ဍငါးခု လုပ်ငန်းကော်မတီများ

ကဏ္ဍငါးခု လုပ်ငန်းကော်မတီများ (TWC) အား အကြောင်းအရာငါးခုအပေါ် အခြေခံ၍ စုစည်းထားသည်။ လုပ်ငန်းကော်မတီတခုစီတွင် ကိုယ်စားလှယ် ၁၅ ဦးပါဝင်သည်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များပါဝင်သော တစ်စု၊ တိုင်းရင်းသား လက်နက်ကိုင် အစုအဖွဲ့များပါဝင်သော တစ်စု နှင့် နိုင်ငံရေးပါတီများပါဝင်သော အစုအဖွဲ့မှ ကိုယ်စားလှယ်များ ဖြင့် ဖွဲ့စည်းထားသည်။[22]

---

[22] Sai Latt, "Burma's National Dialogue: Where Now?", The Irrawaddy , 21 March 2017, accessible at: https://www.irrawaddy.com/opinion/guest-column/burmas-national-dialogue-now.html

ကဏ္ဍငါးခု လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့်ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များကို အခြေခံ၍ မူဝါဒအကြံပြုချက် ငါးစုံ မူကြမ်းပြင်ဆင်ပေးရန်ဖြစ်သည်။ ကဏ္ဍအလိုက်မူဝါဒအကြံပြုချက်များကို ဖြတ်တောက်ခြင်း၊ မူကြမ်းပြင်ဆင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာအစည်းအဝေးများတွင် တပ်မတော်ကိုယ်စားလှယ်များက ၂၀ဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် လက်ရှိတည်ဆဲဥပဒေများနှင့် အကျုံးမဝင်ပါက အကြံပြုချက်များကို ပိတ်ပင်၊ တားဆီး ဖြတ်တောက်ကြသည်။

ကဏ္ဍအလိုက်လုပ်ငန်းကော်မတီများက ဖြေရှင်းနိုင်ခြင်းမရှိသော အကြောင်းအရာများအပါအဝင် ကဏ္ဍငါးခုစလုံးကို လွှမ်းခြုံသောမူဝါဒစာတမ်းများကို UPDJC အတွင်းရေးမှူးအဖွဲ့သို့ တင်ပြရသည်။

## ၄ - ၂။ ဒုတိယ တံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့။

အဖွဲ့ဝင် ၁၅ ဦးပါဝင်သော UPDJC အတွင်းရေးမှူးအဖွဲ့သည် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများကတင်ပြသော ကဏ္ဍအလိုက်မူဝါဒအကြံပြုစာတမ်းများကို ကြီးကြပ်ဆောင်ရွက်ပေးပြီး အဆိုပါမူဝါဒအကြံပြုစာတမ်းများကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဆီသို့ ဆက်လက်တင်ပြသည်။ ထိုမှတဆင့် ၎င်းမူဝါဒအကြံပြုစာတမ်းများကို ဘုံမူဝါဒစာတမ်းတခုတည်းအဖြစ် စုစည်း ပြင်ဆင်ရသည်။

## ၄ - ၃။တတိယတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ

အဖွဲ့ဝင် ၄၈ ဦးပါဝင်သော UPDJC သည် UPDJC အတွင်းရေးမှူးအဖွဲ့တဆင့် ကဏ္ဍငါးခုလုပ်ငန်းကော်မတီများက တင်သွင်း သော မူကြမ်းစာတမ်းများကို ဘုံမူဝါဒစာတမ်းတခုတည်းအဖြစ် ဆွေးနွေး၊ ပြင်ဆင်၊ အတည်ပြုနိုင်သော လုပ်ပိုင်ခွင့်ရှိသည်။ UPDJC သည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးဆွေးမှုလုပ်ငန်းစဉ်အတွင်း လုပ်ပိုင်ခွင့် ဩဇာကြီးမားသောအဖွဲ့သည်။ အထူးသဖြင့် ၂၁ ရာစုပင်လုံသို့တင်ပြရမည့် ဘုံမူဝါဒမူကြမ်းရေးဆွဲခြင်း နှင့် ပတ်သက်၍ အထူးလုပ်ပိုင်ခွင့်ရှိသည်။

UPDJC က ရေးဆွဲထားသော နိုင်ငံရေးဆွေးနွေးမှု မူဘောင်တွင် UPDJC မှ ဆွေးနွေးရရှိသော ဘုံမူဝါဒမူကြမ်းကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများအားကို တဖန်ပြန်လည်သုံးသပ်နိုင်သည့်အခွင့် မပေးထားပေ။ ယခုအချိန်

အထိ ဤအထက်အောက် (အထက်မှချုပ်ကိုင် ညွှန်ကြားသော) ဆွေးနွေးမှု ပုံစံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကိုအသုံးပြု၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုများမှ ရရှိလာသည့် မူဝါဒအဆိုပြုလွှာများကို ပိတ်ပင်၊ လျှော့ချနေသော တပ်မတော်နှင့် အစိုးရကိုယ်စားလှယ်များအတွက်တော့ ဟန်ကျဖြစ်နေသည်။ ဆွေးနွေးမှုများမှ ရရှိလာသည့် အဆိုပြုလွှာများကို ထိထိရောက်ရောက် ဟန့်တားလိုက်ခြင်းဖြစ်သည်။

၂၁ ရာစုပင်လုံ ဆွေးနွေးပွဲများ၏ အဓိက ပင်မ ဖြစ်သော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသည့် ရလဒ်များကို UPDJC က သုံးသပ်စီစစ်သည်။ UPDJC သည် အမျိုးသားအဆင့်နှင့် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများအကြား တံခါးမှူး (gatekeeper) သဖွယ် ဆောင်ရွက်နေသည်။

## ၄ - ၄။ စတုတ္ထတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)

၂၁ ရာစု ပင်လုံညီလာခံသည် နိုင်ငံရေးဆွေးနွေးမှုမူဘောင်အတွင်း အမြင့်ဆုံး ဆွေးနွေးမှုနေရာဖြစ်သည်။ ၂၁ ရာစုပင်လုံညီလာခံ၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု သဘောတူစာချုပ်အတွက် ဆွေးနွေးပြောဆိုရာနေရာ နှင့် အတည်ပြုပေးသည့် နေရာဖြစ်သည်။

၂၁ ရာစုပင်လုံကို လူပေါင်း ၇၀၀ တက်ရောက်ခွင့်ရှိသည်။ အစိုးရမှ ၇၅ ဦး၊ လွှတ်တော် ၇၅ ဦး၊ တပ်မတော် ၁၅၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ၁၅၀ ဦး၊ နိုင်ငံရေးပါတီများမှ ၁၅၀ ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၅၀ ဦး နှင့် ပါဝင်သင့်ပါဝင် ထိုက်သူများ ၅၀ ဦး၊ စသည်ဖြင့် အသီးအသီးတက်ရောက်ခွင့်ရှိသည်။

နိုင်ငံရေးမူဘောင်အရ ၂၁ ရာပင်လုံညီလာခံသည် UPDJC မှ တင်ပြသော ဘုံမူဝါဒ မူကြမ်းကို ဆွေးနွေးအတည်ပြုပေးရမည်။ မြေ နှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး သို့မဟုတ် စီးပွားရေးကဏ္ဍများနှင့် ပတ်သက်ပြီး ၂၁ ရာစုပင်လုံအတွင်း ဆုံးဖြတ်ချက် အတည်ဖြစ် စေရန် အစုအဖွဲ့ တဖွဲ့ချင်းစီမှ "အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထက်ထောက်ခံမဲ ရရှိ၍ ညီလာခံ တက်ရောက်သူ စုစုပေါင်း၏ အနည်းဆုံး ၆၅ ရာခိုင်နှုန်းအထက် ထောက်ခံမဲရှိရမည်။"[23] သို့သော် မူဘောင်၏ အခန်း ၆၊ အမှတ် ၆ - ၂ တွင် ဖက်ဒရယ်၊ လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲမှုနှင့် နိုင်ငံတော်လုံခြုံရေးတို့နှင့် သက်ဆိုင်ပါက ၂၁ ရာစုပင်လုံညီလာခံ တက်ရောက်သူ အစုအဖွဲ့တိုင်း၏ "၇၅ ရာခိုင်နှုန်းအထက်" ထောက်ခံမဲ ရရှိရန် လိုအပ်သည်ဟု ဖော်ပြထားသည်။

[23] Framework for Political Dialogue, Chapter 6, Article 6.3 (Unofficial translation)

## ၄ - ၅။ ပဉ္စမ တံခါးပေါက် - ပြည်ထောင်စုလွှတ်တော်

၂၁ ရာစုပင်လုံညီလာခံတွင် ဆွေးနွေးငြင်းခုံ၊ ညှိနှိုင်းသဘောတူညီချက်ရယူပြီး နောက် ပြည်ထောင်စုသဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ၎င်း၏ သဘောတူချက်နှင့်အတည်ပြုလက်မှတ်ရေးထိုးမှု ရယူရန် လိုအပ်သည်။

နိုင်ငံရေးဆွေးနွေးမှုမူဘောင်အရ ပြည်ထောင်စုသဘောတူညီချက်၏ အစိတ်အပိုင်း သော်လည်းကောင်း၊ စာချုပ် တစ်ခုလုံးကိုသော် လည်း ကောင်း၊ လွှတ်တော်၏သဘောတူညီ ချက်ရယူရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရမည်။[24] ထို့ကြောင့် ပြည်ထောင်စု သဘောတူစာချုပ် နောက်ဆုံးအတည်ပြုချက်သည် ၂၀၀၈ ခုနှစ်အခြေခံဥပဒေ၏ မူဘောင်အတွင်း ချမှတ်ထားသောလွှတ်တော်ဥပဒေအတွင်း မလွဲမသွေ ကျရောက်သွားသည်။

# ၅။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်အတွင်း မြေယာကဏ္ဍ

၂၀၁၂ ခုနှစ်မှစ၍ မြေယာဥပဒေသစ်များ ပြဋ္ဌာန်းခဲ့သဖြင့် မြေယာထိန်းချုပ်မှု၊ စီမံခန့်ခွဲမှု၊ ပိုင်ဆိုင်မှုအပေါ် ဗဟိုချုပ်ကိုင်မှု ပို၍ အမြစ်တွယ်စေသည်။ ၎င်းဥပဒေများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ နှစ်ကာလရှည်ကြာစွာတောင်းဆိုလာသော ဗဟိုချုပ်ကိုင်မှုနည်းသည့်မြေယာစီမံအုပ်ချုပ်မှုစနစ်ဟူသောတောင်းဆိုမှုများနှင့် ဆန့်ကျင် ကွဲလွဲသည်။ ဤအချက်သည် နိုင်ငံ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်အတွက် ကြီးမားသောအန္တရာယ်လက္ခဏာကိုဆောင်ပြီး အကန့်အသတ်သက်ရောက်မှုများကို ဆက်လက် ဖြစ်ပေါ်စေသည်။

လွှတ်တော်တွင် လက်ရှိဆောင်ရွက်နေသော မြေယာနှင့်ဆက်နွယ်သည့် ဥပဒေ ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းစဉ်များသည် နိုင်ငံ အဝှမ်း နက်နက်နဲနဲအမြစ်တွယ် နေသော မြေယာပဋိပက္ခကို ဖြေရှင်းနိုင်စေမည့် အခွင့်အလမ်းကို အတိအလင်းမျက် ကွယ်ပြုထားသည်။ ထိုအခွင့်အလမ်းသည် ရေရှည်တည်တန့်မည့် ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ချပေးနိုင်သောအရာဖြစ်သည်။ တိုင်းရင်းသားလူမှု အသိုင်းအဝန်းများသည် ဤအရေးကြီးလှသောမြေယာကိစ္စရပ်ကို ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်မှတဆင့်

[24] Framework for Political Dialogue, Chapter 8, Article 13 (Unofficial translation)

ဖြေရှင်းရန် ကြိုးစားကြသော်လည်း လွှတ်တော်အတွင်း မြေယာဆိုင်ရာဥပဒေမူဘောင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများသည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်ကို ဆက်လက် ခြိမ်းခြောက်မှုပြုနေဆဲဖြစ်သည့်အပြင် ဗဟိုချုပ်ကိုင်မှုကိုပါ ပိုအားကောင်းစေသဖြင့် မြေယာကိစ္စရပ်အတွက် တန်းတူရည်တူရှိသော၊ တရားမျှတသော အဖြေရရှိမည့် အခွင့်အရေး အပေါ်ကိုပါ ပျက်စီးစေသည်။

စစ်တပ်က ဦးဆောင်သောအစိုးရ သို့မဟုတ် အရပ်သားတပိုင်းအစိုးရဖြစ်စေကာမူ ဗဟိုအစိုးရသည် မြေနှင့် သဘာဝသယံဇာတ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုအပေါ် လက်ဝါးကြီးအုပ်ကာ တဦးတည်း အာဏာချုပ်ကိုင်ထားသည်။ မြန်မာနိုင်ငံ၏ စစ်အစိုးရအဆက်ဆက်သည် စစ်တပ်အာဏာကို အသုံးပြု၍သော်လည်းကောင်း၊ ဥပဒေပြု ပြဌာန်း၍သော်လည်းကောင်း ၎င်း၏ အကြွင်းမဲ့အာဏာရှင် ပုံစံကို အားကောင်းအောင် အားထုတ်လာခဲ့သည်။ ယနေ့ အချိန်တွင် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ အခန်း ၃၇ နှင့် ၂၀၁၂ ခုနှစ် မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေကဲ့သို့သော တခြားဥပဒေမူဘောင်များကို အသုံးချကာ မြေယာထိန်းချုပ်မှုအာဏာကို အစိုးရက ကျယ်ကျယ်ပြန့်ပြန့် ရယူထားသည်။ ၂၀၁၂ ခုနှစ်မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေကို ၂၀၁၂ ခုနှစ် KNU နှင့် အစိုးရအကြား လက်မှတ်ရေးထိုးပြီး လပိုင်းအတွင်း ပြဌာန်းခဲ့ခြင်းဖြစ်သဖြင့် နှစ်ဖက်သဘောတူညီချက်၏ အရေးကြီးသောအခန်းများကို ချိုးဖောက်ရာ ရောက်သည်။

စစ်တပ်ကြီးစိုးသောနိုင်ငံတော်အတွင်း ဗဟိုချုပ်ကိုင်မှုအာဏာကြောင့် အသေးစား လယ်ပိုင်ရှင်တောင်သူဦးကြီးများမှ ၎င်းတို့ဘိုးဘွား ပိုင်မြေများကို လက်လွှတ်ဆုံးရှုံးရခြင်း၊ နေရပ်ပျောက်ဆုံးရခြင်း၊ စသောအရာများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားသည်။ ဒို့မြေကွန်ရက်[25] ၏ ၂၀၁၅ ခုနှစ်၊ စစ်တမ်းကောက်ယူလေ့လာချက်အရ သိမ်းဆည်းခံမြေစုစုပေါင်းအနက် ၄၇.၇ ရာခိုင်နှုန်းသည် စစ်တပ်သိမ်းဆည်းသောမြေယာဖြစ်ပြီး ၁၈.၈ ရာခိုင်နှုန်းသည် အစိုးရဌာန များမှသိမ်းယူခဲ့သော မြေယာများဖြစ်သည်။ စီးပွားရေးကုမဏီများ၏ မြေသိမ်းယူမှုသည် ၁၃.၉ ရာခိုင်နှုန်းရှိကြောင်း အသီးသီးတွေ့ရသည်။[26]

အစိုးရစစ်တပ်သည် မြေယာနှင့် သဘာဝအရင်းအမြစ်များကို မတရားသိမ်းယူရန် ၎င်း၏ စစ်အင်အားကို အဓိက အသုံးပြုသည်။ ၁၉၉၀ ခုနှစ်များတွင် တပ်မတော်၏ ဖြတ်လေးဖြတ် စစ်ဆင်ရေးကာလအတွင်း ကရင်ပြည်နယ်အတွင်းရှိ ပြည်သူထောင်ပေါင်း များစွာသည် ၎င်းတို့အိမ်များ၊ မြေယာများပေါ်မှ ထွက်ပြေးခဲ့ရသည်။ ကရင်ပြည်သူ ထောင်သောင်းချီ၍ ထိုင်းနိုင်ငံသို့တိမ်းရှောင်ထွက်ပြေးခဲ့ပြီး ကျန်ထောင်သောင်းချီသော

25 Land In Our Hands (LIOH) is a network of Civil Society Organisations, farmers unions and local communities working of land issues across the country.

26 LIOH (2015) Destroying People’s Lives, p. 29; accessible https://www.tni.org/files/article-downloads/lioh_research_report_eng_0.pdf

ပြည်သူများသည် ကရင်ပြည်နယ်၏ တောတောင်များအတွင်း ပုန်းအောင်းနေခဲ့ရသည်။ ထိုကာလအတွင်း အစိုးရစစ်တပ်သည် KNU ဒေသ၏ အတွင်းကျကျနေရာများတွင် စစ်ရေးအဆောက်အအုံကွန်ရက်များ တည်ဆောက်ခဲ့ပြီး ဒေသတွင်း မြေနှင့် သဘာဝ အရင်းအမြစ်များကို ထိန်းချုပ်ခဲ့သည်။ ကရင်ပြည်နယ်တွင် စစ်တမ်းကောက်ယူခဲ့သော မြေသိမ်းဆည်းမှုများ၏ ၇၁.၈ ရာခိုင်နှုန်းသည် ၁၉၉၀ - ၉၄ ခုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည်။ သိမ်းဆည်းခံရသောမြေယာ ၈၆.၆ ရာခိုင်နှုန်းသည် မိရိုးဖလာ အစဉ်အဆက် ပိုင်ဆိုင်သည့် မြေများဖြစ်ကြသည်။[27]

မြေယာအခွင့်အရေးအာမခံချက်မရှိသောကြောင့် မြေယာဆုံးရှုံးမှုကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားသော အခြေအနေအောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ CSOs များ နှင့် ဒေသခံလူမှုအသိုင်းအဝန်းပြည်သူများက မြေယာနှင့် သဘာဝသယံဇာတ အပေါ် အဆင့်ဆင့်အာဏာခွဲဝေစီမံအုပ်ချုပ်သော ဖက်ဒရယ်မြေယာနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲရေးစနစ်များကို တည်ထောင်ရန် တောင်းဆိုလာကြသည်။[28] ဥပမာ လွန်ခဲ့သောဆယ်စုနှစ် လေးခုအတွင်း KNU သည် ဗဟိုအစိုးရထိန်းချုပ်နှင့်အုပ်ချုပ်မှု၏ပြင်ပတွင် မြေယာ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုစနစ်များကို ဖွဲ့စည်းချမှတ်ကျင့်သုံးလာခဲ့သည်။ KNU ၏ ပထမဆုံးမြေယာမူဝါဒကို ၁၉၇၄ ခုနှစ်တွင် ပြဌာန်းခဲ့သည်။ လူထုအခြေပြုလူမှုအဖွဲ့အစည်းများ (CSOs) နှင့် ဒေသခံလူမှုအသိုင်းအဝန်းပြည်သူများ၏ ပါဝင်အကြံပြုမှုများအပေါ် အခြေခံကာ ထိုမူဝါဒကို ပြဌာန်းခဲ့ခြင်းဖြစ်သည်။လက်ရှိ KNU မြေယာမူဝါဒသည် မိရိုးဖလာ မြေပိုင်ဆိုင်မှုအခွင့်အရေးများကို အသိအမှတ်ပြုထားပြီး ဒေသခံပြည်သူလူမှုအသိုင်းအဝိုင်းများ၏ ဆုံးဖြတ်ချက်အပေါ်အခြေခံ၍ မြေယာအသုံးပြုမှု နှင့် စီမံခန့်ခွဲမှုကို ကျင့်သုံးလျက်ရှိသည်။

၎င်းမူဝါဒသည် ဗဟိုအစိုးရမှ အောက်ခြေသို့ လုပ်ပိုင်ခွင့် ခွဲဝေပေးနိုင်သည့် မြေ၊ သစ်တော၊ ရေနေသတ္တဝါ၊ ရေ၊ သက်ဆိုင်ရာ သဘာဝသယံဇာတအရင်းအမြစ်များဆိုင်ရာ ဖက်ဒရယ်စီမံအုပ်ချုပ်မှုအတွက် လမ်းစဖွင့်ပေးသည်။ ၎င်းအရင်းအမြစ်များ၏ မူလပိုင်ဆိုင်သူသည် တိုင်းရင်းသားလူမျိုးများသာဖြစ်သည်။ ဗဟိုအစိုးရမဟုတ်ပေ။ KNU မြေမူဝါဒ၏ အဓိက အခြေခံမူများသည် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ နှင့် ဗဟိုအစိုးရ၏ တည်ဆဲမြေယာဥပဒေမူဘောင်များတွင်ပါရှိသည့် မြေယာဆိုင်ရာအခြေခံမူများနှင့် လုံးဝဆန့်ကျင်ကွဲလွဲသည်။ မြန်မာတပ်မတော်က ရေးဆွဲသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြေနှင့် သက်ဆိုင်ရာ သဘာဝသယံဇာတများနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချခြင်း၊ စီမံခန့်ခွဲခြင်းနှင့်

[27] LIOH (2015) Destroying People's Lives, p. 29

[28] Burma Environmental Working Group (BEWG) (2017) Resource Federalism: A Roadmap for Decentralised Governance of Burma's Natural Heritage; accessible http://www.bewg.org/sites/default/files/pdf_report_file/ResourceFederalismWEB_0.pdf

ပိုင်ဆိုင်မှုအာဏာသည် ပြည်ထောင်စုအစိုးရတွင်သာ စုပြုံရှိနေသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ရေးဆွဲ ထားသော တည်ဆဲဥပဒေများအရ မြေစီမံခန့်ခွဲအုပ်ချုပ်မှုကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုအလွန်မြင့်မားသည်သာမက ဘိုးဘွားစဉ်ဆက် အဆက်ဆက်ကျင့်သုံးလာသည့် ရှိနှင့်ပြီးသားမိရိုးဖလာမြေယာနှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်များကို တရားဝင် သတ်မှတ်ခြင်း ပြုနိုင်ခြင်းမရှိအောင် ကန့်သတ်ထားသည်။

အတင်းအဓမ္မ နေရပ်မှစွန့်ခွာပေးရခြင်း၊ မြေသိမ်းခံရခြင်းများကြောင့် အိုးအိမ်၊ မြေနှင့်ပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ရသူ ပြည်သူထောင်ပေါင်း များစွာအတွက် မြေအစားထိုးပြန်လည်လျော်ကြေးပေးခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မရှိမဖြစ်ပါရှိရမည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ သို့သော် မကြာသေးမီကထုတ်ဝေသော အိုးအိမ်စွန့်ခွာရခြင်း၏အဖြေများအစီရင်ခံစာအရ "မြန်မာနိုင်ငံ ဥပဒေတွင် 'အိုးအိမ် ရရှိခွင့်နှင့် ပိုင်ဆိုင်မှုပစ္စည်း ပြန်လည်လျော်ကြေးရရှိခွင့်အခွင့်အရေး' ကို တိတိကျကျ ဖော်ပြထားခြင်း မရှိ၊"[29] သည့်အပြင် ၂၀၁၅ ခုနှစ်၊ NCA တွင်လည်း "ပြန်လည်လျော်ကြေးပေးခြင်းကို တိုက်ရိုက်ပြောဆိုထားခြင်း မရှိသကဲ့သို့ ထိုကိစ္စနှင့်ပတ်သက်၍လည်း အဆိုပြုမှုများမရှိသေး။"[30] ဟု သိရသည်။ မြန်မာနိုင်ငံ၏ဗျူရိုကရေစီယန္တရားအတွင်း လက်ရှိတည်ရှိနေသော အကျင့်ပျက်ချစားမှုများနှင့် စနစ်တကျနှင့်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသော မြေယာအခွင့်အရေးမလုံခြုံမှုများနှင့်ပတ်သက်ပြီး တန်းတူရည်တူရှိပြီး တရားမျှတသောအဖြေတစ်ခုကို ရှာဖွေနိုင်ရန် ဗဟိုအစိုးရက ဆက်လက်ငြင်းဆန်နေခြင်းကြောင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တွင် စစ်မှန်သော နိုင်ငံရေးဆွေးနွေးမှုအတွက် မကျော်လွှားနိုင်သော အဟန့်အတားအဖြစ် ဆက်လက်ရှိနေအုံးမည်သာ ဖြစ်သည်။

အောက်ပါအခန်းတွင် ကရင်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှရရှိသည့် မြေမူဝါဒအကြံပြုချက်များကို ဖော်ပြထားသလို လက်ရှိငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်အောက်တွင် အဆိုပါအကြံပြုချက်များကို ၂၁ ရာစုပင်လုံသို့ ယူဆောင်သွားမည့်လမ်းခရီးနှင့် ပတ် သက်ပြီး KPSN ၏ ဆန်းစစ်လေ့လာချက်ကို တင်ပြထားသည်။

[29] Leckie, Scott (2017) "Restitution in Myanmar", Displacement Solutions, p. 41
[30] Leckie, Scott (2017) "Restitution in Myanmar", Displacement Solutions, p.51

# ၆။ မြေ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်း " မြေယာနှင့် သဘာဝပတ်ဝန်းကျင်" သည် ကဏ္ဍငါးခုတွင်ဗတစ်ခုအပါအဝင်ဖြစ်ပြီး၊ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်အတွင်း နိုင်ငံရေးဆွေးနွေးမှုအတွက် အဓိက အချက်ဖြစ်သည်။

၂၀၁၇ ခုနှစ် ဘားအံတွင် ကျင်းပခဲ့သော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ[31] တွင် CSOs များအပါဝင် ပါဝင်သင့်ပါဝင်ထိုက်သူ ဒေသခံများ၊ ဒေသခံလူမှုအသိုင်းအဝန်းများ၊ နိုင်ငံရေးပါတီများနှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အနာဂါတ် "ပြည်ထောင်စုသဘောတူစာချုပ်" တွင် ထည့်သွင်းရန် ၎င်းတို့၏မြေယာမူဝါဒအကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ သို့သော် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်၏ ယန္တရားနှင့် တည်ဆောက်မှုအရ အဆိုပါမြေယာမူဝါဒအကြံပြုချက်များသည် အဆင့်ငါးဆင့် စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ကျော်ဖြတ်ရမည်။ KPSN က " တံခါးပေါက် ၅ ခု" (တံခါးပေါက် ၅ ခု ကိုစာမျက်နှာ ၁၆ တွင် ကြည့်ပါ) ဟု ခေါ်ဝေါ်သည်။ ထိုလုပ်ငန်းစဉ်အရ အောက်ခြေအဆင့်ဆွေးနွေးသူများ ဆွေးနွေးအကြံပြုသောမူဝါဒအကြံပြုချက်များကို မြန်မာတပ်မတော်အား စိစစ်တားဆီးဖြတ်တောက်ခွင့် ပေးထားသည်။

[31] The Karen land policies were presented and accepted in the Karen State National Dialogue (ND) which took place in Hpa-an, Karen state from January 17 to 20, 2017. This Karen state ND was attended by approx. 300 persons and draft policy papers were finalized by representatives from the Karen National Union (KNU), Democratic Karen Benevolent Army (DKBA), KNU/KNLA Peace Council, Karen political parties, Karen religious leaders, Karen delegates from upper Burma, Mon State, Karenni State, Bago, Yangon and Ayeyarwaddy Regions, Karen CSOs, Karen Women, Karen youth, Karen scholars and special invited Karen guests.

*၂၀၁၇ ခုနှစ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိခဲ့သော မြေယာမူဝါဒအကြံပြုချက် ၆၉ ချက်ထဲတွင် အောက်ပါအဓိကကြွသောအချက်များပါဝင်သည်။*

*(အခြေခံမူ ၂) တိုင်းရင်းသားပြည်သူလူထုသည် နိုင်ငံအတွင်းရှိ မြေယာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။*

*(အခြေခံမူ ၁၁) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် မိမိပြည်နယ်နှင့် ကိုက်ညီသည့် ပြည်သူလူထုပူးပေါင်းပါဝင်မှုရှိသော မြေယာ မူဝါဒဥပဒေနှင့် နည်းဥပဒေကို ရေးဆွဲ ပြဌာန်းခွင့်ရှိသည်။*

*(အခြေခံမူ ၁၂) ပြည်နယ်အစိုးရသည် မိမိပြည်နယ်အတွင်း မြေယာမှတ်ပုံတင်ခြင်း၊ မြေယာပြဿနာဖြေရှင်းခြင်း အပါအဝင် မြေယာ စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ခွင့် ရှိရမည်။*

*နောက်ဆက်တွဲ (၁) ကိုကြည့်ပါ။ ၂၀၁၇ ခုနှစ်ကရင်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေး ပွဲအတွင်း ရရှိခဲ့သော မြေယာမူဝါဒ အကြံပြုချက်များ (မူရင်း မြန်မာဘာသာဖြင့်။)*

၎င်းအဓိကကျသော အခြေခံမူများသည် ကရင်ပြည်သူများ၏ အနာဂါတ် မျှော်မှန်းချက်နှင့် အနာဂါတ်အာဏာခွဲဝေသည့် ဖက်ဒရယ် မြေယာစီမံအုပ်ချုပ်မှုစနစ်၏ရုပ်လွှာကို မီးမောင်းထိုးပြသည်။ သို့သော် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအတွင်း တွေ့ဆုံဆွေးနွေး ညှိနိုင်း၊ သဘောတူညီခဲ့သော အကြံပြုချက်များသည် ၂၁ ရာပင်လုံသို့မရောက်ခင် မြေယာနှင့် သဘာဝပတ်ဝန်းကျင် လုပ်ငန်းကော်မတီ၊ UPDJC အတွင်းရေးမှုးအဖွဲ့ နှင့် UPDJC တို့ အောက်တွင် စီစစ်ဖြတ်တောက်ခြင်းကို ခံနေရသည်။

## ၆ - ၁။ ပထမတံခါးပေါက် - မြေယာ နှင့် သဘာဝပတ်ဝန်းကျင်လုပ်ငန်း ကော်မတီ

၂၁ ရာစုပင်လုံညီလာခံမရောက်ခင်အထိ မြေယာနှင့်သဘာဝပတ်ဝန်းကျင်မြေယာကော်မတီဆီသို့ မြေယာမူဝါဒအကြံပြုချက်များ ဆွေးနွေးရန်တင်ပြသည့်အခါတွင် မြန်မာတပ်မတော်ကိုယ်စားလှယ်များသည် ၂၀၀၈ ခုနှစ်အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ (နောက်ဆက်တွဲ ၃ ကိုကြည့်ပါ) ကို ကိုးကားပြီး ကရင်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးများမှ ရရှိသော အဓိကကျသည့် မြေယာအဆိုပြုချက်များကို ကန့်သတ်ပိတ်ပင်ပယ်ချခဲ့သည်။

မြေယာနှင့်သဘာဝပတ်ဝန်းကျင်လုပ်ငန်းကော်မတီ၏တွေ့ဆုံဆွေးနွေးမှုများအတွင်း ငြိမ်းချမ်းရေးအတွက် အရေးကြီးလှသော မြေယာပိုင် ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့်စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး မြန်မာတပ်မတော်ကိုယ်စားလှယ်များ၏ အလျှော့မပေးပိတ်ပင်တား မြစ်ခြင်းများက အဓိပ္ပါယ်ပြည့်ဝသောနိုင်ငံရေးဆွေးနွေးပွဲအပေါ် အစွန်းရောက်အကန့်အသတ်များဖြစ်နေကြောင်းကို ပေါ်လွင်စေသည်။

အောက်ပါကောက်နုတ်ချက်များသည် ၂၀၁၇ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ နေပြည်တော်ရှိ အမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ တွေ့ဆုံဆွေးနွေးမှု အစည်းအဝေးမှ ဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲတွင် ကရင်နှင့်တခြားတိုင်းရင်းသားများ၏ မြေယာမူဝါဒရပ်တည်ချက်များနှင့် မြန်မာ့တပ်မတော်၏ ရပ်တည်ချက်များကို ဖေါ်ပြထားသည်။ အစည်းဝေးတွင် မှတ်တမ်းယူထားသော တရားဝင်မှတ်တမ်းများဖြစ်သည်။ *(နောက်ဆက်တွဲ ၂ တွင် မြန်မာဘာသာမူရင်းကိုကြည့်ပါ)*

| တိုင်းရင်းသားများရပ်တည်ချက် | မြန်မာ့တပ်မတော်ရပ်တည်ချက် |
|---|---|
| *မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှု ဥပဒေမူဘောင်ကို ပြည်နယ်အတွင်းနေထိုင်သည့် ပြည်သူများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုများနှင့် အညီ ဗဟိုချုပ်ကိုင်မှုလျော့ချရမည်ဖြစ်ပြီး၊မြေယာနှင့် မြေပေါ်မြေအောက်သဘာဝသယံဇာတအရင်းအမြစ်များကို ထိုမူဘောင်တွင် ထည့်သွင်းရမည်။* | *ပြည်ထောင်စုလွှတ်တော် လုပ်ထုံးလုပ်နည်း - ၁/ အခန်း (၅) အရ ပြည်ထောင်စုအစိုးရသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် မြေယာစီမံခန့်ခွဲခွင့်လုပ်ပိုင်ခွင့်အာဏာရှိသည်။ထို့ကြောင့် အဆိုပါမူနှင့် ဥပဒေအရ ရှမ်းလူမျိုးများ၏ မိရိုးဖလာ မြေယာအသုံးချမှု အလေ့အထသည် အကျုံးမဝင်နိုင်ပါ။ (မိမိတို့ (တပ်မတော်) အနေဖြင့် သဘောမတူပါ။)* |
| *ဒေသခံ ဌာနေတိုင်းရင်းသားပြည်သူများတွင် ၎င်းတို့ လူမှုအသိုင်းအဝန်းပိုင် မြေ နှင့် ၎င်းတို့ ကျေးရွာဝန်းကျင်ပိုင်မြေရှိ စားကျက်မြေ၊ သစ်တော၊ ရေကန်၊ ရာသီခိုကျွန်းများ၊ အထွတ်အမြတ်ထားရာမြေအစရှိသော မြေများကို စုပေါင်း အသုံးပြုခွင့်၊ စီမံခန့်ခွဲ ခွင့် အခွင့်အရေး ရှိသည်။* | *နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ (မိမိတို့ (တပ်မတော်) အနေဖြင့် သဘောမတူပါ။)* |
| *နိုင်ငံတော်နှင့်တိုင်းပြည်များအကြား သဘာဝသယံဇာတများနှင့် နယ်နမိတ်ဖြတ်ကျော် မြေစီမံခန့်ခွဲခြင်းပြဿနာကို ဖြေရှင်းရန် မူဝါဒများ၊ ယန္တရားများ တည်ထောင်ရမည်။* | *အခြေခံဥပဒေတွင် ထိုအချက်ပါဝင်ခြင်းမရှိပါ။ ထို့ကြောင့် မိမိတို့ (တပ်မတော်)အနေဖြင့် သဘောမတူပါ။* |
| *ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်များသည် ၎င်းတို့ပြည်နယ်နှင့် သင့်လျော်သော မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ပြဌာန်း၊ အကောင်အထည်ဖေါ်ခွင့် အခွင့်အရေး ရှိရမည်။* | *ပြည်ထောင်စုအစိုးရတွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခွင့်အပ်နှင်းထားသည်။ ပြည်ထောင်စု (ဗဟို) အစိုးရသည်သာ မြေယာကို စီမံခန့်ခွဲခွင့် အာဏာရှိသည်။ (မိမိတို့ (တပ်မတော်) အနေဖြင့် သဘောမတူပါ။)* |

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့် ကိုက်ညီခြင်းမရှိပါက ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲလုပ်ငန်းစဉ်အတွင်း တင်ပြလာမည့် မူဝါဒအကြံပြုချက်များကို တပ်မတော်အနေဖြင့်ပိတ်ပင်သွားမည်ဆိုသည့်အချက်ကိုတပ်မတော်၏ရည်တည်ချက်များအရ ရှင်းရှင်းလင်းလင်းမြင်တွေ့ရသည်။

## ၆ - ၂။ ဒုတိယတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီ အထွေထွေအတွင်းရေးမှူးဌာန (UPDJC –S)

မြေယာနှင့်သဘာဝပတ်ဝန်းကျင်လုပ်ငန်းကော်မတီအောက်တွင် ပထမအဆင့် ဖြတ်တောက်ခံရပြီး အကြီးအကျယ်စီစစ်ခံခဲ့သော အခြေခံမူများကို UPDJC အတွင်းရေးမှူး အဖွဲ့ထံသို့ တင်ပြရသည်။

နိုင်ငံရေးဆွေးနွေးမှု မူဘောင်အောက်တွင် ဖွဲ့စည်းထားသောယန္တရားများသည် လက်ရှိမူဘောင်နှင့် နိုင်ငံရေးဆွေးနွေးမှု ရလဒ်များကို အရပ်သား သို့မဟုတ် သီးခြား လွတ်လပ်သော တတိယအဖွဲ့အစည်းများ ကြီးကြပ်သုံးသပ်ပြင်ဆင်နိုင်ခွင့်မရှိအောင် ကာကွယ်ပိတ်ပင်ရန်အတွက် ရေးဆွဲချထားခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်း စဉ်ပါ တံခါးငါးချပ်စလုံးကို " အမဲရောင်ပုံးများ" သဖွယ် ဆောင်ရွက်နေကြသည်။ "တင်သွင်း" လိုက်သေအဆိုမူဝါဒအဆိုပြုလွှာများကိုတွေ့နိုင်သော်လည်း "ပြန်ထွက်" လာသော အဆိုပြုလွှာများသည် တံခါးပေါက်တခုစီ၏ဆွေးနွေးမှုလုပ်ငန်းစဉ်အတွင်း ခိုင်မာသော ပွင့်လင်းမြင်သာမှုမရှိသောကြောင့် လုပ်ငန်းစဉ်သည် တာဝန်ခံမှုမရှိ ဖြစ်နေသည်။

## ၆ - ၃။ တတိယတံခါးပေါက် - ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီ (UPDJC)

၂၁ ရာစုပင်လုံညီလာခံသို့မူဝါဒအဆိုပြုလွှာတင်ပြန်ရန်အတွက် UPDJC အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ရယူရန် လိုအပ်သည်။ ကရင်အမျိုးသားအဆင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင်မူဝါဒအကြံပြုချက်တွင် အချက်ပေါင်း ၆၉ ချက်ပါဝင်သော်လည်း ၂၁ ရာစုပင်လုံညီလာခံသို့ တင်ပြလိုက်သော အမျိုးသားအဆင့်ဆွေးနွေးမှုအားလုံး၏တင်ပြ ချက်ကို လွှမ်းခြုံသည့်ဘုံမူဝါဒစာတမ်းတွင် အချက် ၄၁ ချက်သာ ရှိသည်။ ထိုအနက်မှ ၁၁ချက် ကသာ မြေယာကဏ္ဍကို ရည်ညွှန်းသည်။[32] သို့သော် ၂၁ ရာစုပင်လုံညီလာခံသို့တင် သွင်းသော အဆိုပါ မြေယာအခြေခံမူဝါဒ ၁၁ ချက်အနက် မည်သည့်တစ်ချက်မှ အမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲမှရရှိသော မူလမူဝါဒအကြံပြုချက်များကို ရောင်ပြန်ဟပ်ခြင်းမရှိပါ။

[32] "Basic principles regarding federal system Economy Policy suggested by Secretaries of UPDJC to UPDJC", Ratified at the 10th UPDJC meeting of May 12, 2017

## ၆ - ၄။ စတုတ္ထတံခါးပေါက် - ဒုတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ

ဒုတိယအကြိမ် ၂၁ ရာစုပင်လုံကို ၂၀၁၇ ခုနှစ် မေလ ၂၄ မှ ၂၉ အထိ နေပြည်တော်တွင် ကျင်းပခဲ့သည်။ ညီလာခံကာလအတွင်း UPDJC မှ တင်သွင်းသော ဘုံမူဝါဒစာတမ်းတွင် ပါဝင်သောမူဝါဒများကိုသာ ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးရသည်။

ဒုတိယအကြိမ် ၂၁ ရာစုပင်လုံကို အချက် ၃၇ ချက်ပါ သဘောတူညီချက်စာတမ်း[33] ဖြင့် အဆုံးသတ်ခဲ့သည်။ အစုအဖွဲ့ ၅ ဖွဲ့ ဖြစ်သော အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် တစ်ဦးစီနှင့် မျက်မြင် သက်သေ ၆ ဦးကသာ လက်မှတ်ရေးထိုးခဲ့သည်။

ဒုတိယအကြိမ် ၂၁ ရာစုပင်လုံတွင် "သဘောတူ" ခဲ့သော အခြေခံမူ ၃၇ ချက်သည် တရားမဝင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအခြေခံ မူများနှင့်ပတ်သက်ပြီး သဘောတူညီချက်ရယူသည့်လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိသကဲ့သို့ နိုင်ငံရေးဆွေးနွေးမှုမူဘောင် အခန်း ၆ တွင် ပြဋ္ဌာန်းထားသောသည့်အတိုင်း ဆုံးဖြတ်ချက်ကို သဘောတူညီချက်ယူရန် အတွက် မဲခွဲဆုံးဖြတ်ခဲ့ခြင်းလည်း မရှိခဲ့သောကြောင့်ဖြစ်သည်။

## ၆-၅။ ပဉ္စမ တံခါးပေါက် - လွှတ်တော်

၂၁ ရာစုပင်လုံမှ ထွက်ပေါ်လာသော အခြေခံမူ ၃၇ ချက်ကို လွှတ်တော်ဥပဒေနှင့် အညီ လွှတ်တော်သို့ တင်ပြခဲ့သည်။ လွှတ်တော်က သဘောတူခဲ့သဖြင့် ထို ၃၇ ချက်သည် အနာဂါတ် "ပြည်ထောင်စုသဘောတူစာချုပ်" ၏ ပထမအစိတ်အပိုင်းဖြစ်လာပြီ ဖြစ်သည်။

## ၆ - ၆ မြေယာကဏ္ဍ၏ အခြေခံမူ ၁၀ ချက်နှင့် မြန်မာနိုင်ငံ တည်ဆဲဥပဒေကို နှိုင်းယှဉ်ကြည့်ခြင်း

၂၁ ရာစုပင်လုံ၏ ရည်ရွယ်ချက်သည် အနာဂါတ်ဒီမိုကရေစီတိုင်းပြည်အတွက် အခြေခံများ တည်ဆောက်ရန်ဖြစ်သည်။ သို့သော် ၂၁ ရာစုပင်လုံညီလာခံမှ ထွက်ပေါ်လာသော မြေယာကဏ္ဍနှင့်သက်ဆိုင်သည့် သဘောတူညီချက် ၁၀ ချက်တွင် ကရင်အမျိုးသား အဆင့်နိုင်ငံရေး ဆွေးနွေးပွဲမှတစ်ဆင့် တင်သွင်းခဲ့သော ဖက်ဒရယ်မူဝါဒအကြံပြုချက်များကို ထည့်သွင်းထားခြင်းမရှိပေ။

စင်စစ်တွင် ၂၁ ရာစုပင်လုံအတွင်း ရရှိသော မြေယာကဏ္ဍနှင့်သက်ဆိုင်သည့် အချက် ၁၀ ချက်သည် တည်ဆဲမြေယာ ဥပဒေမူဘောင်အ တွင်း ရေးဆွဲထားသော အငြင်းပွားဖွယ် ဥပဒေများကို တိုက်ရိုက် ရည်ညွှန်းထားသည်ကို တွေ့ရသည်။

---

[33] State Counsellor's Office, "37 Points Signed as Part of Pyidaungsu Accord", 30th May 2017; accessible http://www.statecounsellor.gov.mm/en/node/904

| မှု အမှတ် | မြေယာကဏ္ဍသဘောတူညီချက် ၁၀ ချက် - ဒုတိယအကြိမ် ၂၁ ရာစုပင်လုံ | မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့် မူဝါဒများ |
|---|---|---|
| 1 | နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့်ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှုကိုအထောက်အကူ ဖြစ်စေသည့် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။ | အမျိုးသားမြေအသုံးချမူဝါဒ။ အခန်း ၁။ အမှတ် ၆ (ဃ၊ င၊ စ)။ |
| 2 | သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။ | အမျိုးသားမြေအသုံးချမူဝါဒ။ အခန်း၃။ အမှတ် ၈ (ခ၊ ဆ၊ စ)။ |
| 3 | ဗဟိုထိန်းချုပ်မှုလျော့ချသည့်မူဝါဒများဖြစ်စေရန်။ | အမျိုးသားမြေအသုံးချမူဝါဒ။ အခန်း၃။ အမှတ် ၈ (ပ)။ |
| 4 | မြေယာမူဝါဒများရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာ စံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်း စဉ်းစား ရေးဆွဲရန်။ | အမျိုးသားမြေအသုံးချမူဝါဒ။ အခန်း၂။ အမှတ် ၇ (င)။ အခန်း ၃၊ အမှတ် ၈ (ဃ) |
| 5 | မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများ ဖြစ်စေရန်။ | အမျိုးသားမြေအသုံးချမူဝါဒ။ အခန်း ၂။ အမှတ် ၇ (ခ)။ |
| 6 | လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကိုဦးစား ပေး၍တောင်သူလယ်သမားများ၏ အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။ | အမျိုးသားမြေအသုံးချမူဝါဒ။ နိဒါန်း။ အမှတ် ၃။ |
| 7 | နိုင်ငံသားတိုင်းသားမြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသားတန်းတူညီမျှမှု ရှိရမည်။ | (ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့်အမွေဆက်ခံခွင့်အခွင့်အရေး) ၂၀၀၈ ခုနှစ်အခြေခံဥပဒေ၊ အခန်း၁၊ အမှတ်၃၇ (ဂ) (အခွင့်အရေးအသုံးချခြင်း)၊ ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေ၊ အခန်း၂၊ အမှတ်၆ (ဘ) အခန်း၃၊ အမှတ်၉ (က၊ခ) (အမျိုးသား၊အမျိုးသမီးတန်းတူရှိမှု) အမျိုးသားမြေယာအသုံးချမှုမူဝါဒ၊ အခန်း၂၊ အပိုင်း၁၀၊ အမှတ်၇၅ (က၊ခ၊ဂ၊ဃ၊စ၊ဆ၊ဇ၊ဈ) |
| 8 | မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေးတန်းတူညီမျှမှု ရှိစေရန်။ | အမျိုးသားမြေယာအသုံးချမှုမူဝါဒ၊ အခန်း၂၊ အပိုင်း၁၀၊ အမှတ် ၇၅ (က၊ခ၊ဂ၊ဃ၊စ၊ဆ၊ဇ၊ဈ) |

| မှု အမှတ် | မြေယာကဏ္ဍသဘောတူညီချက် ၁၀ ချက် - ဒုတိယအကြိမ် ၂၁ ရာစုပင်လုံ | မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့် မူဝါဒများ |
|---|---|---|
| 9 | လုပ်ပိုင်ခွင့်ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်းမရှိလျှင် နိုင်ငံတော် ကပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်ရန်။ | မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ၊ အခန်း ၆၊ အမှတ် ၁၆ (ခ)၊ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ။ နည်းဥပဒေ။ အခန်း ၆၊ အခန်း ၅၁ (ခ) |
| 10 | လူမှုရေးယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့်တိုင်းရင်းသားလူမျိုးများ၊ အထွဋ်အမြတ်ထားသော မြေများ၊ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကိုဦးတည် ကြိုးပမ်းဆောင်ရွက်ရန်။ | အမျိုးသာမြေယာအသုံးချမှုမူဝါဒ။ အခန်း၂၊ အမှတ် ၆ (က) |

***နောက်ဆက်တွဲ ၃*** ကိုကြည့်ပါ၊ ၂၁ရာစုပင်လုံတွင် သဘောတူညီခဲ့သော မြေယာအခြေခံမူ ၁၀ ချက်၊ မြန်မာဘာသာမူရင်း။

**မှတ်ချက်။** မြေယာကဏ္ဍအတွက် ၂၁ ရာစုပင်လုံ အခြေခံ ၁၀ ချက်သဘောတူညီချက် ဘာသာပြန်ကို သမ္မတရုံးမှကူးယူဖော်ပြသည်။

ဖော်ပြပါမြေယာကဏ္ဍအတွက် "သဘောတူညီ" ခဲ့သော အခြေခံမူများက လက်ရှိ ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်အပေါ် ကန့်သတ်ချက်များ စနစ်ကျကျနှင့် ကျယ်ပြန့်စွာရှိနေသည်ကို ဖော်ပြသလို ဗဟိုအစိုးရနှင့် မြန်မာတပ်မတော်တို့ဖက်မှ စစ်မှန်သော နိုင်ငံရေး ဆွေးနွေးမှုများလုပ်ရန် နိုင်ငံရေးဆန္ဒအလွန်အားနည်းနေကြောင်းကို ပြသနေသည်။

၂၁ရာစုပင်လုံညီလာခံတွင်"သဘောတူညီ"ခဲ့သောမြေယာဆိုင်ရာအခြေခံမူများသည် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ရရှိခဲ့သော အဓိကအခြေခံမူများနှင့် ဆန့်ကျင်ကွဲလွဲသည်။ ကရင်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှရရှိသော အခြေခံမူများက ဒေသခံပြည်သူများအတွက် မြေယာပိုင်ဆိုင်မှုနှင့်စီမံခန့်ခွဲမှုအာဏာကို တောင်းဆိုပေးထားသည်။ အစည်းအဝေးပေါင်းများစွာ၊ ဆွေးနွေးမှုပေါင်းများစွာ၊ အပြန်အလှန်ငြင်းခုန်ပြောဆိုမှုများ များစွာပြုလုပ်ခဲ့ပြီး၊ အချိန်နှင့် ငွေကြေးများစွာ သုံးစွဲရင်းနှီးခဲ့ရသော်လည်း မြန်မာတပ်မတော်သည် ၂၀၀၈ အခြေခံဥပဒေနင့်တည်ဆဲဥပဒေများကိုသာ ကိုးကား၍ မူဝါဒအကြံပြုချက်များကို ပိတ်ပင်သွားမည်ကို စိတ်ပိုင်းဖြတ်ထားကြောင်း မြေယာနှင့် သဘာဝပတ်ဝန်းကျင်မူဝါဒဆိုင်ရာရလဒ်များက သက်သေထူနေသည်။

## ၆ - ၇။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များသုံးသပ်ထားသော လက်ရှိငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ် အကန့်အသတ်များ။

နိုင်ငံရေးဆွေးနွေးမှု မူဘောင်အရ ကဏ္ဍ ၅ ခု ဆွေးနွေးမှုများတွင် ပါဝင်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ခေါင်းဆောင်များက ဆွေးနွေးမှုအတွင်း အကန့်အသတ်၊ ချုပ်ချယ်မှုများ ဖြစ်နေခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏စိတ်ပျက်မှုကို ဖေါ်ထုတ်ပြောဆိုကြသည်။ ဆွေးနွေးမှုဖြစ်စဉ်တွင် ပါဝင်နေကြသော KNU ခေါင်းဆောင်များ၏ အဆိုအရ ကဏ္ဍငါးခုစလုံးတွင် တူညီစွာ တွေ့ရသော အဟန့်အတားမှာ တပ်မတော်သည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကိုးကား၍ မှင်နီသုတ်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုနှင့်နိုင်ငံရေးဆွေးနွေးမှုများကို ရှေ့ဆက်လုပ်ဆောင်ရန် မဖြစ်နိုင်ဘဲ ရှိနေသည်။

KNU ဗဟိုလယ်ယာမြေဌာန၏ ဌာနမှူးတဦးဖြစ်သလို UPDJC မြေယာနှင့် သဘာဝပတ်ဝန်းကျင် လုပ်ငန်းကော်မတီဝင် ပဒိုစောနေသလေးက ၎င်း၏အမြင်ကို KPSN အား အောက်ပါအတိုင်းပြောပြသည်။

“

*မြေယာကဏ္ဍနှင့်ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်မှာ မြေယာပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ ကာကွယ်မှု စတဲ့ အချက်တွေပါတဲ့၊ ကရင်အမျိုးသားအဆင့် ဆွေးနွေးမှုကနေရတဲ့ မူဝါဒအကြံပြုချက်တွေကို အခြေခံတဲ့ အဓိကအကြောင်းအရာတွေကို တင်ပြခဲ့တယ်။ ဒါပေမယ့် အဲဒီအဓိကအချက်တွေ ပိတ်ပင်ခံခဲ့ရပါတယ်။*

*UPDJC မှာပါတဲ့ အစိုးရနှင့် မြန်မာတပ်မတော်ကိုယ်စားလှယ်တွေက ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို သုံးပြီး ကျွန်တော်တို့ မူဝါဒအကြံပြုချက်တွေကို ပေါင်းပြီး ပိတ်ဖို့လုပ်ကြပါတယ်။*

NCA က အခုဆိုရင် ရှေ့မတိုးသာနောက်မဆုတ်သာအခြေအနေမှာ ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့နိုင်ငံရေးဆွေးနွေးတဲ့အခါမှာ အာဏာချိန်ခွင်လျှာက မျှတမှု မရှိဘူး၊ အဓိပ္ပါယ်ရှိတဲ့ ဆွေးနွေးမှုတွေဖြစ်ဖို့ အချိန်မလုံလောက်ခြင်းတို့ ကြောင့် ဖြစ်ပါတယ်။

”

KNU တရားရေးဌာန ဥက္ကဌ နှင့် နိုင်ငံရေးလုပ်ငန်းကော်မတီဝင် ဖဒိုစောအယ်ကလူစေးက ဤသို့ရှင်းပြခဲ့သည်။

"

*နိုင်ငံရေးဆွေးနွေးပွဲမှာ တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အခြေခံပြီးတော့ပဲ အကြောင်းအရာတွေကို ဆွေးနွေးတယ်။*

*အခုဆိုရင် အစိုးရနှင့် မြန်မာတပ်မတော်က NCA လမ်းကြောင်းနှင့်ပတ်သက်ပြီး ရပ်တည်ချက်တွေက မတူကြဘူး။ မြန်မာတပ်မတော်ရဲ့ ရပ်တည်ချက်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်ဖို့ ဖြစ်တယ်။ ဖွဲ့စည်းပုံကို ပြင်ဖို့ မြန်မာတပ်မတော် ဖက်ကသဘောတူထားပေမယ့်သူတိုရဲ့နိုင်ငံရေး အကျိုးစီးပွားနှင့် ကိုက်ညီမှသာ ပြင်မှာဖြစ်တယ်။ တစ်ချိန်တည်းမှာ အစိုးရဖက်ကို ကြည့်မယ်ဆိုရင် သူတို့ရဲ့အဓိကအကျိုးစီးပွားက အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု ဖြစ်တယ်။*

"

"

*လုံခြုံရေးကိစ္စရပ်နှင့်ပတ်သတ်ပြီး မြန်မာတပ်မတော်က လက်နက်ဖျက်သိမ်းရေး၊ အဖွဲ့အစည်းဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး (DDR)  ကိုပဲ အဆိုပြုပါတယ်။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို ထည့်သွင်းဆွေးနွေးခြင်း မရှိဘူး။*

"

UPDJC စီးပွားရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် စောဝဲလ်ဒန်းက အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

“

*စီးပွားရေးလုပ်ငန်းကော်မတီကလည်း ကရင်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကနေတဆင့်ပြုလုပ်တဲ့ လူထုတွေ့ဆုံညှိနှိုင်းမှုတွေက ရရှိတဲ့ စီးပွားရေး အခြေခံမူတွေကို ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ ဒါပေမယ့်ကျွန်တော်တို့ တင်ပြခဲ့တဲ့အခြေခံမူတွေကို သဘောတူ လက်ခံခဲ့ခြင်း မရှိပါဘူး။ ဆွေးနွေးပွဲမှ သဘောတူခဲ့တဲ့အခြေခံမူတွေက ကျွန်တော်တို့တင်ပြခဲ့တဲ့ ဖက်ဒရယ်မူတွေကို ထင်ဟပ်ခြင်း၊ အကျုံးဝင်ခြင်း မရှိပါဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အောက်မှာပဲ ရှိနေတယ်။*

”

“

*တပ်မတော်က ဆွေးနွေးမှုတခုလုံးကို အမြဲလွှမ်းမိုးထားပါတယ်။ သူတို့က သဘောမတူရင် ဆွေးနွေးပွဲကို ကျွန်တော်တို့ရှေ့ဆက်တက်လို့မရပါဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အကျုံးဝင်တဲ့ အခြေခံမူနဲ့အချက်တွေကိုသာ သူတို့က သဘောတူပါတယ်။ ဒီအချက်ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံးအတွက် ကြီးမားတဲ့ စိုးရိမ်ချက်ကြီးတခု ဖြစ်နေပါတယ်။*

”

KNU တွဲဖက်အထွေထွေအတွင်းရေးမှူး နှင့် UPDJC လူမှုရေးကဏ္ဍ လုပ်ငန်းကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဖဒိုစောဆဲဘွယ်က အောက်ပါအတိုင်း သုံးသပ်ခဲ့သည်။

“

*တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်တွေက သူတို့ တင်ပြတဲ့ အခြေခံမူတွေကို ဆွေးနွေးညှိနှိုင်းတဲ့အခါမှာ အားနည်းကြတယ်။ နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေကလည်း ထိထိရောက်ရောက် ဆွေးနွေးညှိနှိုင်းမှု မလုပ်နိုင်ကြဘူး။ မြန်မာတပ်မတော်က တူညီတဲ့ ရပ်တည်ချက်တခုတည်းပေါ်မှာပဲ သူတို့ ဆွေးနွေးကြတယ်။ သူတို့ အားသာမယ်ထင်တဲ့ အချက်တွေကိုပဲ ဆွေးနွေးကြတယ်။ မဟုတ်ရင် မဆွေးနွေးကြဘူး။ အစိုးရနှင့် လွှတ်တော်ကလည်း ဆွေးနွေးပွဲတွေမှာ မြန်မာတပ်မတော်နဲ့ တဖက်တည်း ရှိတယ်ဆိုတာ ဒီဆွေးနွေးပွဲမှာ ပေါ်လွင်တယ်။*

”

လက်ရှိနိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်အပေါ် ဝေဖန်နေသူများမှာ KNU တစ်ဖွဲ့တည်းကသာ မဟုတ်ပေ။ ဒုတိယအကြိမ် ၂၁ ရာစုပင်လုံအပြီးရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေး/ရှမ်းပြည်တပ်မတော် (RCSS/SSA) ၏ အတွင်းရေးမှူး ၃ ဖြစ်သူ ဗိုလ်မှူးကြီး စိုင်းငင်းက အောက်ပါအတိုင်း ဝေဖန်ပြောဆိုခဲ့သည်။

"

*တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ယေဘုယျသဘောထားကတော့ ဖက်ဒရယ်အခြေခံမူတွေနှင့်ပတ်သက်ပြီး ယခုညီလာခံ ကနေရလာတဲ့ ရလဒ်တချို့ကို ပြည့်စုံမှုမရှိဘူးလို့ မြင်ကြတယ်။ ဒါဟာ လူနည်းစုတစုရဲ့ အမြင်ကိုသာ ကိုယ်စားပြုတယ်။ အဲဒါကြောင့် ၂၁ ရာစုပင်လုံညီလာခံမှာ ဖက်ဒရယ်အတွက် ဆွေးနွေး၊ အတိုက်အခံပြု၊ သဘောတူခဲ့တဲ့ အခြေခံမူတွေကို အခုအချိန်မှာ အများရဲ့သဘော အမြင်မှတ်တမ်းများအဖြစ်သာပြည်ထောင်စု သဘောတူညီချက်မှာအချိန်အတိုင်းအတာတခုအထိ ထည့်သွင်းသင့် တယ်။ နောက်ဆုံး အဆင့်သဘောတူညီချက်အဖြစ် မထားသင့်သေးဘူးလို့ ကျွန်တော်တို့ဆွေးနွေးအဆိုပြုခဲ့ပါတယ်။*

*တဖက်မှာတော့ ကျွန်တော်တို့ရဲ့ဆွေးနွေးဖက်တွေ (မြန်မာတပ်မတော်နှင့် NLD) က ကျွန်တော်တို့ရဲ့ အဆိုပြုမှု ကိုလက်မခံပါဘူး။ NCA သည်သာ ငြိမ်းချမ်းရေးသို့တစ်ခုတည်းသော လမ်းအဖြစ် အကြောက်အကန်းပြောကြပါတယ်။ ကျွန်တော်တို့လက်မှတ်မထိုးဘူးဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး ရှေ့ဆက်လို့မရဘူးလို့သူတို့က ပြောကြတယ်။*

"

"

*ဆွေးနွေးနေစဉ်အတွင်း မြန်မာတပ်မတော်ဖက်က "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပျက်သွားလည်း ကျွန်တော်တို့က ဘာမှမဖြစ်ပါဘူး" လို့ရိုင်းရိုင်းပြပြ ထုတ်ဖော်ပြောဆိုတာမျိုးရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က အစည်းအဝေးကို ခဏနားခိုင်းလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ (EAO ကိုယ်စားလှယ်များ) ကြားမှာ ဘယ်လို ရှေ့ဆက်ရမလဲဆိုတာ ဆွေးနွေးခဲ့ကြပါတယ်။ RCSS အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့က လက်မှတ်ထိုးဖို့ သဘောမတူခဲ့ကြပေမယ့်လည်း အများစုရဲ့သဘောနဲ့ လုပ်ငန်းလမ်းညွှန်ကိုကျွန်တော်တို့ လေးစားလိုက်နာပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အဲ့ဒီသဘောတူညီချက် (NCA) ကို လက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်ပါတယ်။ မလုပ်မဖြစ်တဲ့ အနေအထားပါ။"[34]*

"

[34] Sai Aw, "Who is navigating the peace process ship?", Shan Herald Agency for News, 2nd June 2017, Interview with Col. Sai Nguen, Secretary 3 of the Restoration Council of Shan State (RCSS); accessible http://english.panglong.org/2017/06/02/who-is-navigating-the-peace-process-ship/

# ၇။ ဒုတိယအကြိမ် ၂၁ ရာစုပင်လုံ ညီလာခံ ကျင်းပမည့်အချိန် ရွှေ့ဆိုင်းခြင်း

ဒုတိယအကြိမ် ၂၁ရာစုပင်လုံညီလာခံသည် နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့်လုံခြုံရေး ဟူသော ကဏ္ဍ ၅ ခုကို ဆွေးနွေးခွင့်ရသော၊ ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်ပါ အခြေခံမူများနှင့်ပတ်သက်၍ ဆွေးနွေး ညှိနှိုင်းခွင့် ရသော ပထမဦးဆုံးအကြိမ် ငြိမ်းချမ်းရေးညီလာခံဖြစ်သည်။ အစိုးရ၊ လွှတ်တော်၊ မြန်မာတပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်သေ ၆ ဦးတို့က လက်မှတ်ရေးထိုးခဲ့သောအခြေခံမူ ၃၇ ချက်သည် အငြင်းပွားဖွယ် အရာများအဖြစ် ဆက်လက်ရှိနေသေးသည်။ အထူးသဖြင့် သဘောတူညီချက်သည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပါ မဲပေးခြင်းလုပ်ထုံးလုပ်နည်းကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။[35] အခြေခံနိုင်ငံရေးကိစ္စရပ်များနှင့်ပတ်သက်၍လည်း ညီလာခံအတွင်း အခက်အခဲကြီးကြီးမားမားဖြစ်ခဲ့သည်။ "ခွဲထွက်ခွင့်မရှိရ" ဟူသောစာပိုဒ် အပါအဝင်ဖြစ်သည်။[36] သို့သော် ဒုတိယအကြိမ် ၂၁ ရာစုပင်လုံ ညီလာခံမတိုင်ခင်နှင့်ညီလာခံအပြီးနောက်ပိုင်းတွင် ငြိမ်းချမ်းရေးဖြစ်စဉ်သည် ကြီးမားသော ကန့်သတ်ပိတ်ပင်မှုများကြောင့် ရုပ်ပျက် ဆင်းပျက်ဖြစ်ခဲ့ရသည်။ ထိုအထဲတွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကို တပ်မတော်က ပိတ်ပင်တားမြစ်ခြင်းနှင့် စီစစ်ဖြတ်တောက်ခြင်းများ ပါဝင်သည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပင်လုံမြို့၌ ကျင်းပသော ရှမ်းအမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှာ တပ်မတော်၏ အလွန်ဆိုးဝါးသောကန့်သတ်ပိတ်ပင်မှုများ နှင့်ကြုံတွေ့ခဲ့ရပြီး ဗဟိုအစိုးရကလည်း ထိုနိုင်ငံရေးဆွေးနွေးပွဲအစည်းအဝေးများကျင်းပခွင့်ကို ပိတ်ပင်ခဲ့သည်။[37] မြန်မာတပ်မတော်က ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်တားမြစ်ပိတ်ပင်နေသောကြောင့် RCSS သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့တွင် ထုတ်ပြန်ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ရှမ်းလူမျိုးများနှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် ၎င်း၏အစီအစဉ်များကို ယာယီရွှေ့ဆိုင်းလိုက်ကြောင်း ၎င်း၏ ဆုံးဖြတ်ချက်ကို ကြေငြာချက်တွင်ဖော်ပြခဲ့သည်။ ဇန်နဝါရီလ ၁၂

---

35 Framework for Political Dialogue, Chapter 6, Article 6.3 (Unofficial translation)

36 Constitution of the Republic of the Union of Myanmar (2008) Article 10: No part of the territory constituted in the Union such as Regions, States, Union Territories and Self-Administered Areas shall ever secede from the Union. It is argued this basic principle is not compatible with federalism.

37 Restoration Council of Shan State Statement on the National Political Dialogue of Shan Nationalities, 8th January 2018; accessible https://www.burmalink.org/restoration-council-shan-state-statement-national-political-dialogue-shan-nationalities/

ရက်နေ့တွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် ၈ ဖွဲ့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) က နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို အဆင့်တိုင်းတွင် ကျင်းပနိုင်မှသာ ၂၁ ရာစု ပင်လုံညီလာခံကို ကျင်းပသင့်ကြောင်း အကြံပြုသည့် ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။[38]

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်ကို နှောင့်ယှက်ဟန့်တားခြင်းနှင့် စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်သော အဓိပ္ပါယ်ပြည့်ဝသည့်ဆွေးနွေးအဖြေရှာမှုများတွင် ပါဝင်လိုသောဆန္ဒ မြန်မာတပ်မတော်တွင် မရှိခြင်းတို့ကြောင့် တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံကျင်းပမည့်ရက်ကို ထပ်ခါထပ်ခါ ရွှေ့ဆိုင်းလာခဲ့ရသည်။[39] လက်ရှိအခြေ အနေတွင် တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ ကိုကျင်းပရန်အတွက် ရက်သက်မှတ်ခြင်း မရှိသေးပေ။ ညီလာခံ ဖြစ်မဖြစ်ကိုပင် ရှင်းရှင်း လင်းလင်း မသိရသေးပေ။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်တွင် အဓိကပါဝင်သူ အားလုံးအကြား "အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု" ဖြစ်ရန် စစ်မှန်သော သံမိဋ္ဌာန်ရှိမရှိ စောင့်ကြည့်ရအုံးမှာဖြစ်သည်။

---

38 21st Century Panglong Conference to be held only after holding public consultations – PPST, Burma News International, 16th January 2018, https://www.bnionline.net/en/news/21st-century-panglong-conference-be-held-only-after-holding-public-consultations-ppst

39 Nyein Nyein, "Third Session of Panglong Peace Conference Pushed Back to May", Irrawaddy, 1st March 2018; https://www.irrawaddy.com/news/burma/third-session-panglong-peace-conference-pushed-back-may.html

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်




Illustration: Ganji

# ၈။ ၂၀၁၅ ခုနှစ် NCA ချိုးဖောက်သော မြန်မာတပ်မတော်

၂၀၁၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးကာလမှစ၍ ကရင်ပြည်နယ်အတွင်း တပ်မတော်၏စစ်ဆင်ရေးများကြောင့် အရပ်သားပြည်သူပေါင်း ၈၅၀၀ ကျော် ၎င်းတို့ အိုးအိမ်မှာ အတင်းအဓမ္မစွန့်ခွာခဲ့ရသည်။[40] တပ်မတော်၏ ထိပ်ပိုင်းအာဏာပိုင်များ၏ အမိန့်နှင့် ဆောင်ရွက်သော ၎င်းစစ်ဆင်ရေးများက NCA ကို ချိုးဖောက်သည့်အပြင် ဘားအံနှင့် မူကြော် (ဖာပွန်) ခရိုင်များအတွင်း တကျော့ပြန်လက်နက်ကိုင်ပဋိပက္ခများကို ပြန်လည်ဖြစ်စေခဲ့သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလမှစ၍ မြန်မာတပ်မတော်၏နယ်ခြားစောင့်တပ်နှင့် တိုးတက်သာကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA)[41] ခွဲထွက်အဖွဲ့အကြားတိုက်ပွဲများ ဖြစ်သောကြောင့် ဘားအံ့မြောက်ဖက်ခြမ်းတွင် ရွာသူရွာသား ၆၀၀၀ ထောင်ကျော်သည် ၎င်းတို့အိုးအိမ်များမှစွန့်ခွာထွက်ပြေးခဲ့ကြရသည်။[42] သံလွင်မြစ်အရှေ့ဖက်ခြမ်း၊ ဘားအံခရိုင်မြောက်ဖက် ရွာကြီးတစ်ရွာဖြစ်သော မြိုင်ကြီးငူရွာရှိ ပြည်တွင်းဒုက္ခသည် (IDP) စခန်းနှစ်ခု၌ ဒုက္ခသည် ၅၅၀၀ ခန့်သည် အခြေခံယာယီအိမ်များတွင် နေထိုင်နေရသည်။

KNU ထိန်းချုပ်ရာနယ်မြေ၊ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောဒေသအတွင်း၌ စနစ်တကျပြန်ဆင်ပြုလုပ်သော မြန်မာတပ်မတော်၏ စစ်ဆင်ရေးများကြောင့် အရပ်သားပြည်သူ ၂၄၀၀ ကျော်သည် ၎င်းတို့၏ မြေယာနှင့်အိုးအိမ်များကို စွန့်ခွာ၍ နီးစပ်ရာသစ်တောများအတွင်း ခိုအောင်းနေကြသည်။[43] ထိုစစ်ဆင်ရေးများသည် NCA ကို ရှင်းလင်းစွာ ချိုးဖောက်သောလုပ်ရပ်ဖြစ်ပြီး KNLA နှင့် တိုက်ပွဲပေါင်းများစွာ ပြန်လည်ဖြစ်စေခဲ့သော အရာများဖြစ်သည်။

---

40 KPSN (2018) The Nightmare Returns; accessible https://karenwomen.files.wordpress.com/2018/04/kpsn-media-release-the-nightmare-returns.pdf; See also Karen Human Rights Group (KHRG) (2018) Attacks on villagers, ongoing fighting and displacement in Hpapun and Toungoo districts from January to April 2018; accessible http://khrg.org/2018/05/18-1-nb1/attacks-villagers-ongoing-fighting-and-displacement-hpapun-and-toungoo-districts

41 The current Democratic Karen Buddhist Army (DKBA) was part of the original DKBA which split from the KNU/KNLA in 1994 and allied itself with the Burma Army. A further split took place in 2010 when the larger DKBA force agreed to government demands for the force to come under the command of the Tatmadaw as a Border Guard Forces (BGFs). "The larger faction, led by commanders based in Myawaddy and Myaing Gyi Ngu, formed 12 BGFs (#1011-#1022), while numerous other commanders refused to do so, realigned with the KNU, and reverted to fighting the Tatmadaw. The latter faction signed a ceasefire with the government in September 2011 and renamed itself the Khlohtoobaw Karen Organization/Democratic Karen Benevolent Army (KKO/DKBA), in April 2012." (Joliffe, Kim (2017), "Ceasefires, Governance and Development: The Karen National Union in Times of Change", The Asia Foundation, p.7) Renewed fighting broke out in 2015 between the KKO/DKBA and the Tatmadaw and BGFs due to rising tensions spurred by the Asia Highway project. The fighting faction within the KKO/DKBA was dismissed in mid-2015 and in 2016 resurrected the army's original name, the Democratic Karen Buddhist Army.

42 Karen Rivers Watch (KRW) (2016) Karen State September 2016 Conflict: The Real Motivations Behind Renewed War; See also, "Fighting in Mae Tha Waw continues to displace villagers making it a daily struggle to feed the 6,000 homeless", Karen News, 4th September 2017, accessible at http://karennews.org/2017/09/fighting-in-mae-tha-waw-continues-to-displace-villagers-making-it-a-daily-struggle-to-feed-the-6000-homeless/

43 KPSN (2018) The Nightmare Returns

မတ်လ ၁၆ ရက်နေ့တွင် KNU က ထုတ်ပြန်ကြေငြာချက်တစ်စောင်[44] ထုတ်ပြန်ခဲ့ပြီး ထိုထုတ်ပြန်ချက်တွင် "စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) များနှင့် ၎င်းတို့လက်အောက်ခံတပ်ရင်းများကို ရုပ်သိမ်းပေးရန်နှင့် အိုးအိမ်မဲ့ကရင်ပြည်သူများ၏လုံခြုံရေးကို အာမခံရန်" ဟူ၍တောင်းဆိုခဲ့သည်။ "NCA အကောင်အထည်ဖေါ်မှုနောက်ဆက်တွဲလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ အားထုတ်နေချိန်မှာ ယခုကဲ့သို့လုပ်ဆောင်မှုသည် NCA ကိုချိုးဖောက်ခြင်း ဖြစ်သည်။" ဟု ထုတ်ပြန်ကြေငြာချက်တွင် ဖေါ်ပြသည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဌာနေကရင်တိုင်းရင်းသားများ၏ မြေယာအခွင့်အရေးကာကွယ်စောင့်ရှောက်သူနှင့် ငြိမ်းချမ်းရေးအတွက် လှုံ့ဆော်သူ ဌာနေကရင်တိုင်းရင်းသားစောဦးမူးသည် လယ်မူပလောဒေသအတွင်းရှိ ရပ်ရွာလူမှုအသိုင်းအဝန်းအစည်းအဝေးမှ အိမ်သို့အပြန်လမ်းတွင် မြန်မာတပ်မတော်က သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ရသည်။ စောဦးမူးသည် သူ၏ မိသားစုအပါအဝင် အိုးအိမ်မဲ့ ကရင်ပြည်သူများအတွက် လူသားချင်းစာနာသော အထောက်အပံ့နှင့် အကူအညီများရရှိရန် အစည်းအဝေးတက်ခဲ့ခြင်းဖြစ်သည်။

JMC တွင် လက်နက်ကိုင်တိုက်ပွဲများ ထပ်မံမဖြစ်ပေါ်ရန် တားဆီးရမည့် တာဝန်ရှိသော်လည်း မကြာသေးခင်က တဖက်သတ်မှတ်ထားသောနယ်မြေကိုကျော်လွန်၍ တပ်အင်အားတိုးမြှင့်ရွေ့တိုးနေရာယူတပ်စွဲသော မြန်မာတပ်မတော်၏ လုပ်ဆောင်ချက်ကို NCA ပါသဘောတူညီချက်အတိုင်း ဖြေရှင်းပေးခြင်း မရှိနိုင်ပေ။ ဤကဲ့သို့ မြန်မာတပ်မတော်၏ NCA ချိုးဖောက်မှုအပေါ် အပစ်ရပ်ဒေသအတွင်း အရပ်သား ပြည်သူများ အခြေမဲ့ဖြစ်မှုနှင့် လက်နက်ကိုင်တိုက်ပွဲများ အရှိန်မြင့်တက်လာမှုတို့ကိုရှောင်ရှားရန် JMC ၏ လုပ်ပိုင်ခွင့်အတိုင်း ကြားဝင်ဖြန်ဖြေ ဖြေရှင်းပေးရန် KNU က အားထုတ်ခဲ့သည်။ သို့သော် နယ်မြေအငြင်းပွားမှုနှင့်ပဋိပက္ခများကို ဖြေရှင်းရန်အတွက် JMC ကခေါ်ဆိုခဲ့ သည့်အစည်းအဝေးကို မြန်မာတပ်မတော်က တက်ရောက်ရန်ပျက်ကွက်ခဲ့ပြီး တွေ့ဆုံမှုကိုတစ်ဖက်သတ် ဖျက်သိမ်းခဲ့သည်။


Photo : Internet

44 KNU Supreme Headquarters Kawthoolei, "Karen National Union Position Statement on Tatmadaw military activities in sending military forces into Mutraw District (Papun) to build a road base for military use, during the implementation of the ceasefire" 16th March 2018

# ၉။ နိဂုံးချုပ်

ယနေ့အထိပင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ ၂၁ ရာစု ပင်လုံညီလာခံအထိ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများအားလုံးကို မြန်မာတပ်မတော်က အဖက်ဖက်မှ ထိန်းချုပ်ချယ်လှယ်ထားသည်။ မြန်မာတပ်မတော်သည် နိုင်ငံရေးဆွေးနွေးမှုတွင်ပိတ်ပင်တားဆီးခြင်းများကြောင့် ပဋိပက္ခ၏ မူလအရင်းခံပြဿနာကို တွေ့ဆုံဆွေးနွေးခြင်းများမှတဆင့် အဖြေရှာနိုင်ရန်အတွက် အဟန့်အတားများဖြစ်စေသည်။ မြန်မာနိုင်ငံအတွက် စစ်မှန်ပြီး ရေရှည်တည်တန့်မည့် ငြိမ်းချမ်းရေးရရှိနိုင်မည့် အခွင့်အလမ်းများကို ပိတ်ပင်တားဆီးလျက်ရှိနေသည်။ လက်ရှိ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်အောက်တွင် လမ်းဆုံးရောက်နေခြင်းသည် နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်ကြောင့်မဟုတ်ဘဲ နိုင်ငံရေးပြဿနာကြောင့်သာဖြစ်သည်။

KNU ထိန်းချုပ်ဒေသအတွင်း မြန်မာတပ်မတော်၏ တပ်ရင်းပေါင်းများစွာပါဝင်သည့် သေချာစွာစီစဉ်ကွပ်ကဲသော စစ်ဆင်ရေးများကြောင့် “ကရင်ပုံစံ” ငြိမ်းချမ်းရေးသည် ရှက်ဖွယ်အတိဖြစ်စေသည်။ တပ်မတော်အပါအဝင် NCA လက်မှတ်ရေးထိုးသူတိုင်းသည် “နိုင်ငံရေး ပဋိပက္ခများကို အင်အားသုံးဖြေရှင်းသောနည်းလမ်းများအစား နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများမှတဆင့်” ငြိမ်းချမ်းသောအဖြေထုတ်မှုများဖြင့်ရယူရန် သဘောတူထားကြသည်။[45] မြန်မာတပ်မတော်သည် NCA ပါ ပြဋ္ဌာန်းချက်ပေါင်းများစွာနှင့်အတူရင်းအခြေခံမှုကိုပါ ထပ်တလည်းလည်း ချိုးဖောက်နေသည်။ ရေရှည်တည်တန့်မည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းအတွက် လမ်းစဖေါ်ဆောင်ပေးရမည့် ယန္တရားများလည်း ယခုအချိန်အထိ မစွမ်းဆောင်နိုင် ဖြစ်နေသည်။

မြန်မာတပ်မတော်သည် NCA နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်ကို အသုံးချလျှက် တိုင်းရင်းသားဒေသများအပေါ် ဗဟိုချုပ်ကိုင်မှုပိုမိုအားကောင်းတောင့်တင်းလာစေရန် လုပ်ဆောင်နေလျှက်ရှိသည်။ ဗဟိုအစိုးရအတွင်း မြန်မာတပ်မတော်၏ လွှမ်းမိုးမှုသည် ရှိမြဲအတိုင်းဆက်လက်ရှိနေပါက ငြိမ်းချမ်းမှု၊ တန်းတူညီမျှမှု၊ နှင့်ရေရှည်တည်တန့်မှုကို ယူဆောင်လာပေးမည့် မြေယာပိုင်ဆိုင် ခွင့်ပြဿနာ၏အဖြေမှာ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်များ၏ ပြင်ပတွင် အလှမ်းဝေးနေအုံးမည်သာ ဖြစ်သည်။

---

45 NCA (2015) Chapter 1, Basic Principles, Article 1 (b)

# ၁၀။ KPSN ၏ အကြံပြုချက်များ

## အစိုးရနှင့် မြန်မာတပ်မတော်

၁။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကန့်အသတ်နှင့်ကင်းလွတ်သော နိုင်ငံရေးဆွေးနွေးမှုနှင့် ဆွေးနွေးအဖြေရှာမှုများပါဝင်သော မူဘောင်အသစ်တခုကို ရေးဆွဲဖော်ထုတ်ရမည်။

၂။ မြန်မာတပ်မတော်သည် ၎င်း၏ထိုးစစ်အားလုံးကို ရပ်တန့်သင့်ပြီး၊ တနိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်သင့်သည်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုကော်မတီ (FPNCC) နှင့် ညီညွတ်သော တိုင်းရင်းသားဖက်ဒရယ်ကောင်စီ (UNFC) အပါအဝင် တိုင်းရင်းသားများ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုကိုကျင်းပရမည်။

၃။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများလုပ်ငန်းစဉ်တလျှောက် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပေါ်ပေါက်ကျင့်သုံးနိုင်သည်အထိ ခေတ္တရပ်ဆိုင်းထားရမည်။

၄။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လူမှုအသိုင်းအဝန်းများအကြား တွေ့ဆုံဆွေးနွေးမှုများကိုသော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းအချင်းချင်းအကြား တွေ့ဆုံမှုများကိုသော်လည်းကောင်း၊ ကန့်သတ်ပိတ်ပင်ခြင်းလုံးဝမရှိရ။

၅။ NLD အစိုးရသည် ၎င်း၏ မူလရည်မှန်းချက်များအတိုင်း ပြန်လည်ဆောင်ရွက်သင့်ပြီး၊ "တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် အာမခံနိုင်ရန်" ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည် ဟူသော ရွေးကောက်ပွဲကတိကဝတ်အတွက် စတင်တိုက်ပွဲဝင်ရမည်။

## နိုင်ငံတကာအလှူရှင်များ၊ မြန်မာနိုင်ငံအစိုးရ နှင့် မြန်မာတပ်မတော်

၁။ လက်ရှိ တိုင်းရင်းသားလူထုကိုယ်တိုင် စီမံအုပ်ချုပ်နေသော ကျန်းမာရေး၊ ပညာရေး၊ မြေယာနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှု စနစ်များနှင့် တရားရေးယန္တရားများကို မြန်မာအစိုးရ၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် မြန်မာနိုင်ငံကို ကူညီပံ့ပိုးနေသော အလှူရှင်များက အသိအမှတ်ပြုရမည်။

၂။ နိုင်ငံတကာ၏ပံ့ပိုးကူညီမှု ဖြတ်တောက်ခြင်းခံထားရသော ဒုက္ခသည်များနှင့် IDP ပြည်သူများအတွက် နိုင်ငံတကာအထောက်အပံ့များကို ချက်ချင်းပြန်လည် ကူညီပေးရန် နှင့် နိုင်ငံတကာစံသတ်မှတ်ချက်အတိုင်း ထောက်ပံ့ပေးရမည်။

၃။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်အားငွေကြေးကူညီထောက်ပံ့ပေးသော အလှူရှင်များအနေဖြင့် ၎င်းတို့ထောက်ပံ့ပေးသောငွေများသည် လက်ရှိလမ်းဆုံးရောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ပံ့ပေးခြင်းထက် စစ်မှန်ပြီး အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံ ရေးအပြောင်းအလဲကို ဦးတည်စေနိုင်သည့် အလှူငွေများဖြစ်ရေးကို ဦးတည်ဆောင်ရွက်သင့်သည်။

၄။ တိုင်းပြည်အတွင်း ဒီမိုကရေစီ/ဖက်ဒရယ်မူနှင့်ကိုက်ညီသော မြေယာကဏ္ဍပြုပြင်ပြောင်းလဲမှုသို့ အရောက်သွားနိုင်ရန်လွှတ်တော်အတွင်း မြေယာပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ပေးသော ငွေကြေး သို့မဟုတ် နည်းပညာအထောက်အပံ့ပေးမှုများသည် ဒီမိုကရေစီစနစ်ကျကျနှင့် ဖက်ဒရယ်အပေါ်အခြေခံသော မြေယာကဏ္ဍပြုပြင်ပြောင်းလဲနိုင်မှု အခွင့်အလမ်းများကို ဆန့်ကျင်ခြင်းမဖြစ်အောင်၊ သို့မ ဟုတ် ထိခိုက်မှုတစ်စုံတစ်ရာမရှိအောင် သတိထားဆောင်ရွက်ရမည်။

*နောက်ဆက်တွဲ ၁ - ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသော အကြံပြုမြေယာမူဝါဒများ (မြန်မာဘာသာမူရင်း)*



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ
ဒုတိယအကြိမ်အစည်းအဝေးသို့ တင်သွင်းသော

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ
လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

# မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ

မြေယာနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များမှ
ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ
အဆိုပြုစာတမ်း

**အခြေခံမူများ**

၁။ မြေယာဆိုသည်မှာ မြေ၊ သစ်တော၊ ရေ၊ ရေလုပ်ငန်းနှင့် သဘာဝသယံဇာတများ အားလုံး ပါဝင်သည်။

၂။ တိုင်းရင်းသား ပြည်သူလူထုသည် နိုင်ငံအတွင်းရှိ မြေယာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

၃။ ဒေသခံ ဌာနေတိုင်းရင်းသား ပြည်သူလူထုနှင့် ရပ်ရွာအဖွဲ့အစည်းများ၏ မိရိုးဖလာအရ မြေယာလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ကို တရားဝင် အသိအမှတ် ပြုရမည်။

၄။ တိုင်းရင်းသား ပြည်သူလူထုတိုင်းသည် မြေယာပိုင်ဆိုင်ခွင့်ရှိပြီး ယင်းအား အကန့်အသတ်ဖြင့် ပိုင်ဆိုင်မှု ရှိစေရမည်။ ဓါးမဦးချ၊ ရိုးရာဓလေ့အရ မြေယာထွန်ယက်စိုက်ပျိုးလုပ်ကိုင်သူသည် အဆိုပါ လယ်ယာမြေနှင့် ခြံမြေကို ပိုင်ဆိုင်ခွင့်ရှိသည်။

၅။ ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့သည့် ဌာနေတိုင်းရင်းသား ပြည်သူလူထုသည် ယင်းတို့ သက်ရှင်နေထိုင်သည့် နယ်မြေ၊ ကျေးရွာတဝိုက်ရှိ သဘာဝမြေ၊ တောရိုင်းမြေ၊ သစ်တောမြေ၊ စားကျက်မြေ၊ အင်းအိုင်၊ မြေနုကျွန်းနှင့် အထွဋ်အမြတ်ထားသော မြေတို့ကို စုပေါင်းပိုင်ဆိုင် စီမံခန့်ခွဲ အသုံးချခွင့် ရှိသည်။

၆။ တိုင်းရင်းသား ပြည်သူလူထုက ယင်းတို့ ပိုင်ဆိုင်ထားသည့် မြေယာကို ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လဲလှယ်ခွင့်၊ ငှားရမ်းခွင့်၊ အမွေဆက်ခံပိုင်ခွင့်နှင့် အခြားနည်းဖြင့် အသုံးပြုပိုင်ခွင့် ရှိသည်။

၇။ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် မြေယာအသုံးပြုမှုအတွက် သိမ်းဆည်းရန် လိုအပ်ပါက ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဒေသခံပြည်သူလူထုများနှင့် အသိပေး ညှိနှိုင်းပြီး သဘောတူညီချက် ရယူရမည်။ ဆုံးရှုံးသည့် မြေနေရာနှင့် အခြားဆုံးရှုံးမှုများ အတွက် တန်ဖိုးတူညီသည့် မြေအစားထိုးပေးခြင်း၊ ဒေသကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးခြင်း၊ လျော်ကြေးပေးခြင်းများအပြင် နစ်နာဆုံးရှုံးသောသူတို့အား အာမခံချက်ရှိသည့် ဘဝပြန်လည်ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

၈။ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ရေ၊ မြေ၊ သစ်တော၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးမှုမရှိအောင် အကောင်ထည်ဖော်ဆောင်ရွက် ရမည်။

၉။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု ပြုရာတွင် အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေး တန်းတူညီမျှမှု ရှိရမည်။

၁၀။ တိုင်းရင်းသား ပြည်သူလူထု၏ မြေယာပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေး ရပိုင်ခွင့်ရှိသူများအား အသိအမှတ်ပြုပြီး ယင်းတို့အား အခြားသူများမှ ပိုင်နက်ကျူးကျော်ခြင်း၊ တရားမဝင် ဝင်ရောက်နေထိုင်ခြင်း၊ အသုံးချခြင်း၊ အဓမ္မသိမ်းယူခြင်းတို့ကို အစိုးရမှ အကာအကွယ်ပေးရမည်။

၁၁။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိပြည်နယ်နှင့် ကိုက်ညီသည့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုရှိသော မြေယာမူဝါဒ ဥပဒေနှင့် နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့် ရှိရမည်။

၁၂။ ပြည်နယ်အစိုးရသည် မိမိပြည်နယ်အတွင်း မြေယာ မှတ်ပုံတင်ခြင်း၊ မြေယာပြဿနာ ဖြေရှင်းခြင်း အပါအဝင် မြေယာစီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

၁၃။ သက်ဆိုင်ရာ ပြည်နယ်ဒေသအလိုက် မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြု မှတ်တမ်းတင် ဆောင်ရွက်ပေးသည့် မြေယာမှတ်ပုံတင်စနစ်၊ မြေယာစီမံခန့်ခွဲမှုစနစ်နှင့် မြေယာဖြေရှင်းမှုစနစ်တို့ကို ဖော်ဆောင်သည့် ယန္တရားများ ရှိရမည်။ ယင်းနှင့် စပ်လျဉ်းသည့် ယန္တရားများကို တည်ဆောက် ဖွဲ့စည်းရာတွင် အစိုးရအဖွဲ့အစည်းများသာမက လူထု၏ ပါဝင်မှုကို အခြေခံ၍ တောင်သူလယ်သမား သမဂ္ဂ၊ အမျိုးသမီးအဖွဲ့အစည်း၊ လူငယ်အဖွဲ့အစည်းနှင့် ဥပဒေပညာရှင်များမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းကြရမည်။

၁၄။ မြေယာနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲရာတွင် နိုင်ငံတကာ နယ်စပ်ဖြတ်ကျော်မှု၊ ပြည်နယ် တစ်ခုနှင့်တစ်ခု ဖြတ်ကျော် စီမံခန့်ခွဲခြင်း၊ ပြဿနာ အငြင်းပွားမှုများ ဖြေရှင်းသည့် မူဝါဒများနှင့် ယန္တရားများ ချမှတ်ဆောင်ရွက်ရမည်။

*နောက်ဆက်တွဲ ၂ - အောက်တွင် မေလ ၇-၉ ရက် ၂၀၁၇ ခုနှစ် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးမှုမှတ်တမ်း ( မြန်မာဘာသာမူရင်း)*



ဒုတိယအကြိမ် မြေယာ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ
ညှိနှိုင်းအစည်းအဝေး

ရက်စွဲ ။ ။ ၂၀၁၇ ခုနှစ်၊ မေလ (၇-၉) ရက်နေ့။

နေရာ ။ ။ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၊ နေပြည်တော်။

ကျင်းပပြီးစီးခဲ့သော ဒေသအလိုက်နှင့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ (ရှမ်း၊ တနင်္သာရီ၊ ပဲခူး၊ ကရင်၊ ပအိုဝ်း) နှင့် တပ်မတော်မှ တင်သွင်းသည့် စာတမ်းများကို အခြေခံ စုစည်းသည့် မြေယာမူဝါဒများ

လာမည့် တတိယအကြိမ် မြေယာ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် အတွက် ဒုတိယအကြိမ်မှ ကျန်ရှိသည့် ဇက်ခရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ၏ အခြေခံမူများ

(က) အဓိပ္ပါယ်ဖွင့်ဆိုချက်

မရှိပါ

(ခ) ပိုင်ဆိုင်ခွင့်

၃။(က) ပြည်နယ်အတွင်း မြေယာပိုင်ဆိုင်မှုနှင့် မြေယာစီမံခန့်ခွဲမှုတွင် ဗဟိုချုပ်ကိုင်မှု မရှိစေသာ တရားဝင် မှုဘောင်အဖြစ် ပြည်နယ်သားများ၏ ရိုးရာဓလေ့ထုံးတမ်းနှင့် လိုက်လျောညီထွေသည့် မူဝါဒများ၊ ဥပဒေများ ဖြစ်စေပြီး ရိုးရာဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်သည့် စာရွက်စာတမ်းများသည် မြေပေါ်မြေအောက် အရင်းအမြစ်များ အပါအဝင်ဖြစ်စေရန်၊

၃။(ခ) ပြည်ထောင်စုလွှတ်တော်သည် ဇယား-၁၊ အပိုဒ်(၅)၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးကဏ္ဍတွင် ပြည်ထောင်စုအစိုးရ မှသာ မြေယာစီမံခန့်ခွဲပိုင်ခွင့် ရှိ၍ ရှမ်းပြည် ရိုးရာဓလေ့ထုံးတမ်း အရ မူဝါဒများ၊ ဥပဒေများ ချမှတ်၍ မရသောကြောင့် သဘောမတူနိုင်ပါ။ (တပ်မတော်၏အဆိုပြုချက်)

(ဂ) **စီမံခန့်ခွဲခွင့်**

၁။(က) ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့သည့် ဌာနေတိုင်းရင်းသား ပြည်သူလူထုသည် ယင်းတို့ သက်ရှင်နေထိုင်သည့် နယ်မြေ၊ ကျေးရွာတပိုက်ရှိ သဘာဝမြေ၊ တောင်ယာမြေ၊ သစ်တောမြေ၊ စားကျက်မြေ၊ အင်းအိုင်၊ မြေနုကျွန်းနှင့် အထွဋ်အမြတ်ထားသော မြေတို့ကို စုပေါင်းပိုင်ဆိုင် စီမံခန့်ခွဲ အသုံးချခွင့် ရှိသည်၊

၁။(ခ) နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်း အားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။(တပ်မတော်၏ အဆိုပြုချက်)

၂။(က) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရာတွင် နိုင်ငံတကာ နယ်စပ်ဖြတ်ကျော်မှု၊ ပြည်နယ်တစ်ခုနှင့် တစ်ခု ဖြတ်ကျော်စီမံခန့်ခွဲခြင်း၊ ပြဿနာအငြင်းပွားမှုများ ဖြေရှင်းသည့် မူဝါဒများနှင့် ယန္တရားများ ချမှတ်ဆောင်ရွက်ရမည်၊

၂။(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိ၍ သဘောမတူနိုင်ပါ။(တပ်မတော်၏ အဆိုပြုချက်)

၃။(က) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များသည် မိမိပြည်နယ်နှင့် ကိုက်ညီမည့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ အခြေခံမူများကို ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးပိုင်ခွင့် ရှိရမည်၊

၃။(ခ) နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရမည်၊ မြေနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရမှသာ စီမံခန့်ခွဲပိုင်ခွင့် ရှိသောကြောင့် သဘောမတူနိုင်ပါ။(တပ်မတော်၏ အဆိုပြုချက်)

၄။(က) မြေယာနှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲခြင်းကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ နှင့် ဒေသန္တရအစိုးရတို့က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်၊

၄။(ခ) ပြည်ထောင်စုအစိုးရမှသာ မြေယာနှင့် သယံဇာတစီမံခန့်ခွဲပိုင်ခွင့်ရှိပြီး ပြည်နယ်အစိုးရ အနေဖြင့် ပြည်ထောင်စုအစိုးရမှ ခွင့်ပြုထားသည့် အသေးစား လက်လုပ်လက်စား လုပ်ငန်းများသာ လုပ်ပိုင်ခွင့်ရှိပြီး ဒေသန္တရအစိုးရမှ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲပိုင်ခွင့်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် သဘောမတူနိုင်ပါ။(တပ်မတော်၏ အဆိုပြုချက်)

၅။(က) ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသုံးပြုရန် လိုအပ်သော မြေဧရိယာများအား ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့ကတဆင့် ရယူနိုင်စေရန်၊

၅။(ခ) ပြည်ထောင်စုမှသာ မြေယာစီမံခန့်ခွဲပိုင်ခွင့်နှင့် ဥပဒေပြုခွင့်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အနေဖြင့် ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသည့် အသေးစား လက်လုပ်လက်စား လုပ်ငန်းများကိုသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသောကြောင့် သဘောမတူနိုင်ပါ။ (တပ်မတော်၏ အဆိုပြုချက်)

၆။(က) မြေယာ၊ မြေခွန်တော်၊ မြေယာ တိုးတက် ကောင်းမွန်ရေးအတွက် လိုအပ်သော ဥပဒေများကို ပြည်နယ်အဆင့်တွင် ပြဋ္ဌာန်းခွင့် ရရှိရန်၊

၆။(ခ) ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများတွင် မြေယာခွန်နှင့် ပတ်သက်၍ စီမံခန့်ခွဲပိုင်ခွင့် ရှိသော်လည်း မြေယာစီမံခန့်ခွဲပိုင်ခွင့်နှင့် မြေယာ

တိုးတက်ကောင်းမွန်ရေးအား ပြည်ထောင်စုအစိုးရမှ သတ်မှတ်ထားသည့် အသေးစား လက်လုပ်လက်စား လုပ်ငန်းများကိုသာ ဆောင်ရွက်ခွင့်ရှိ သောကြောင့် ပြည်နယ်အဆင့်တွင် မြေယာ တိုးတက်ကောင်းမွန်စေရေး အတွက် ဥပဒေများ ပြဋ္ဌာန်းချက် မရှိသောကြောင့် သဘောမတူနိုင်ပါ။ (တပ်မတော်၏ အဆိုပြုချက်)

၇။(က) စားကျက်မြေ ထိန်းသိမ်းရေး၊ သစ်တောများ ကာကွယ်ထိန်းသိမ်းရေး တို့ကို ပြည်နယ်အဆင့်တွင် ဆောင်ရွက်ခွင့် ရရှိရန်၊

၇။(ခ) ပြည်ထောင်စုမှသာ မြေယာစီမံခန့်ခွဲပိုင်ခွင့်နှင့် ဥပဒေပြုခွင့်ရှိပြီး ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသည့် အသေးစား လက်လုပ်လက်စား လုပ်ငန်းများကိုသာ စီမံခန့်ခွဲပိုင်ခွင့် ရှိသောကြောင့် သဘောမတူနိုင်ပါ။ [illegible]

၈။(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်/ အသုံးပြုခွင့်နှင့် ပတ်သက်၍ ခွင့်ပြုမိန့်များ သတ်မှတ်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဖြင့်သာ ခွင့်ပြုချထားပေးရန်၊

၈။(ခ) ဧက ၅၀၊ ထက် မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့် ပြုခြင်းအား နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် နှင့်အညီ ခွင့်ပြုနိုင်ပြီး၊ ဧက ၅၀ ထက် မပိုသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ အတွက် လျှောက်ထားသည့် ကိစ္စမှ အပ ကျန်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစာတွဲကို နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက် နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်ဖြစ်၍ သဘောမတူနိုင်ပါ။(တပ်မတော်၏ အဆိုပြုချက်)

၉။(က) ဂေဟာစနစ်ကို မပျက်ဆီးစေဘဲ ကိုယ်ပိုင်ဆိုင်သည့် လယ်မြေ၊ တောင်ယာမြေ တို့တွင် ဖွံ့လုံသည့် အစားအစာ ရရှိရန် လွတ်လပ်စွာ သီးနှံစိုက်ပျိုးခွင့် ရရှိစေရန်၊

၉။(ခ) နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့ လယ်ယာမြေပေါ်တွင် မိမိတို့ ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ ရွေးချယ် စိုက်ပျိုးခွင့် ရှိသည်။ [illegible]

(ဃ) ထုတ်ယူသုံးစွဲခွင့်
မရှိပါ။

(င) အကျိုးအမြတ် ခံစားခွင့်
မရှိပါ။

(စ) **အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ**

၁။(က) မြေယာပေါ်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ပြုလုပ်ပါက ဒေသခံပြည်သူလူထုအား ဖိအားပေးမှုမပါဘဲ လွတ်လပ်စွာ ကြိုတင်အသိပေးခြင်း၊ ချပြ ညှိနှိုင်း သဘောတူညီချက် ရယူခြင်း( Free, Prior Informed Consent- FPIC) ပြုလုပ်ရမည်။

၁။(ခ) မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်လောင်းနိုင်ငံစာရင်းတွင် ပါရှိပြီး တင်းပြည့်အဖွဲ့ဝင်အဖြစ် EITI ဒုတိယအကြိမ် အစီရင်ခံစာကို ရေးဆွဲပြုစု ဆောင်ရွက်လျက် ရှိပါသည်။ ယခု လက်ရှိအချိန်သည် EITI အဖွဲ့ဝင် မဖြစ်သေး၍ စံနှန်းများ နှင့်အညီ ဆောင်ရွက်၍မရဘဲ အဖွဲ့ဝင်နိုင်ငံဖြစ်မှသာ ဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့်အညီ အဆင့်ဆင့်တွင် လွတ်လပ်စွာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိမည် ဖြစ်သောကြောင့် သဘောမတူနိုင်ပါ။

၂။(က) ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သော မြေယာများကို ၎င်းတို့၏ သဘောတူညီမှုမပါဘဲ သိမ်းဆည်းခြင်း မပြုလုပ်ရ။

၂။(ခ) လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် မြေသိမ်းဆည်းခြင်း ပြုရာတွင် နောင်မျိုးဆက်များ အသုံးပြုနိုင်ရေးအတွက် ရေရှည်တည်တံ့သော မြေအသုံးချမှုများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။ မြေယာများ၏ မူရင်းပိုင်ရှင်သည် နိုင်ငံတော်သာ ဖြစ်သောကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုရေးနှင့် စီးပွားဖွံ့ဖြိုး တိုးတက်စေရေး အကျိုးအတွက် မြေယာများကို သိမ်းဆည်းနိုင်သည်။

၃။(က) မြေယာနှင့် သဘာဝသစ်တောသယံဇာတ၏ မူလပိုင်ရှင်သည် တိုင်းရင်းသား ပြည်သူများ ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူ၏ သဘောထားတူညီချက်မရရှိဘဲ နိုင်ငံခြားသား၊ ဧည့်နိုင်ငံသားနှင့် တရားမဝင် နေထိုင်သူများအား ပိုင်ဆိုင်ခွင့် မရှိစေရေး ဥပဒေ ပြဋ္ဌာန်းပေးရန်၊

၃။(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံးနှင့် သဘာဝသယံဇာတများ၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံခြားသားများ၊ ဧည့်နိုင်ငံသားနှင့် တရားမဝင် နေထိုင်သူများအား ပိုင်ဆိုင်ခွင့် မရှိစေရေးအတွက် ၁၉၈၇ခုနှစ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေတွင် ပြဋ္ဌာန်းပြီး ဖြစ်သောကြောင့် သဘောမတူနိုင်ပါ။ (တပ်မတော်၏ အဆိုပြုချက်)

၄။(က) စားနပ်ရိက္ခာ လုံလောက်ရေး အတွက် လယ်ယာမြေများကို အခြားနည်း ပြောင်းလဲအသုံးချခွင့်အား တတ်နိုင်သမျှ ခွင့်မပြုရန်၊

၄။(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေတွင် သီးနှံပြောင်းလဲ စိုက်ပျိုးရန် ဖြစ်ပါက

သတ်မှတ်ချက်များ နှင့်အညီ စိစစ်ပြီး ခွင့်ပြုနိုင်သည်။ တားနှပ်ရိက္ခာ လုံလောက်ရေး အတွက် လယ်ယာမြေများကို အခြားနည်း ပြောင်းလဲ အသုံးချခွင့်အား သတ်မှတ်ချက်များ နှင့်အညီ စိစစ်ပြီး ခွင့်ပြုနိုင်သည်။(တပ်မတော်၏ အဆိုပြုချက်)

(ဃ) ရေရှည်တည်တံ့ရေးဆိုင်ရာ အစီအမံများ
မရှိပါ။

## နောက်ဆက်တွဲ ၃ - အောက်တွင် ၂၁ ရာစုပင်လုံတွင် သဘောတူညီခဲ့သော မြေယာအခြေခံမူ ၁၀ ချက် ( မြန်မာဘာသာမူရင်း)

# ပြည်ထောင်စုသဘောတူစာချုပ်

## အစိတ်အပိုင်း(၁)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေ့ရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၇ ခုနှစ် မေလ (၂၄) မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က အဆိုပြု တင်သွင်းလာသော မူဝါဒ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)မှာ-

(က) နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂) ချက်၊

( ခ) စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁) ချက်၊

( ဂ) လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄) ချက်၊

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက်၊ စုစုပေါင်း (၃၇) ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ (င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အဖြစ် ဤပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

## ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၂)

၁။ ဒေါက်တာတင်မျိုးဝင်း ..............................
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးထွန်းထွန်းဟိန် ..............................
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း ..............................
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ပဒိုစောကွယ်ထူးဝင်း ..............................
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ ..............................
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၃)

# အသိသက်သေများ

(ဦးထံဖုံးအုဂက်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(သိက္ခာတော်ရဆရာတော်တလွန်ကျဲအို)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ခွန်သန်းမြင့်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးထွန်းအောင်ကျော်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(မိုင်းထွန်းမြိုင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

နောက်ဆက်တွဲ(ဃ)

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒ သဘောတူညီချက်

## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။

၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများဖြစ်စေရန်။

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်း စဉ်းစားရေးဆွဲရန်။

၅။ မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့်ရှင်းလင်းသည့်မူဝါဒများဖြစ်စေရန်။

၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

### ပိုင်ဆိုင်ခွင့်

၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ရှိရမည်။

### စီမံခန့်ခွဲခွင့်

၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။

၉။ လုပ်ပိုင်ခွင့် ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်း မရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူ များအား ပြန်လည်ချထားပေးရေးဆောင်ရွက်စေရန်။

### အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ် ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်။

# KPSN အကြောင်း

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံအတွင်း ကရင်လူထု အခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ရက်တစ်ခုဖြစ်သည်။ KPSN သည် လုံခြုံမှု ကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ နိုင်ငံတွင်းအိုးအိမ်ရွှေ့ပြောင်းနေထိုင်သူများ နှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားချင်းအထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသား လူမှုအသိုင်းအဝန်းများကို လုပ်ပိုင်ခွင့်များ မြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း အသိပညာပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည်တံ့မည့်၊ တန်းတူညီမျှသောငြိမ်းချမ်းရေးရရှိရေးစည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်သည်။

ဆက်သွယ်ရန်
**kpsn14@gmail.com**